# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၀၉၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ မင်းဘူးမြို့နှင့် ဆက်စပ်ဒေသများသို့ လာရောက်သူများပြားနိုင်

မင်းဘူး ဇန်နဝါရီ ၆

ယခုနှစ် ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မင်းဘူးမြို့နှင့် ဆက်စပ်နေသည့် အထင်ကရနေရာများသို့ လာရောက်လေ့လာလည်ပတ်သူ များပြားနိုင်ကြောင်း ရွှေစက်တော်ဘုရားပွဲတော်ကျင်းပနိုင်ရေးကော်မတီထံမှ သိရသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ○*


**ယနေ့ ဖတ် စ ရာ**

**ငါး၊ ပုစွန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့ ရောဂါကြိုတင်ကာကွယ်ကြပါစို့**

ဆောင်းပါး | စာ ၆

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာ ဂါဇာပြည်သူများအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဟုဆို**

နိုင်ငံတကာသတင်း | စာ ၁၄



**ပွင့်လင်းရာသီကာလ မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်**

ဆောင်းပါး | စာ ၁၆


# မြန်မာ-တရုတ် နှစ်နိုင်ငံဖြတ်ကျော် မာရသွန်ပြိုင်ပွဲ ပြိုင်ပွဲဝင်ဦးရေ ၉၀၀၀ ကျော် ဝင်ရောက်အပြေးပြိုင်

**မူဆယ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၊ တရုတ်နိုင်ငံ ရွှေလီမြို့၌ မြန်မာ-တရုတ် နှစ်နိုင်ငံဖြတ်ကျော် မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

မာရသွန်ပြိုင်ပွဲတွင် ၉၀၂၉ ဦး ဝင်ရောက်အပြေးပြိုင်ကြပြီး တာဝေး ၄၂၁ ဦး၊ တာဝက် ၁၉၆၅ ဦး၊ အပျော်တမ်း ၃၀၈၅ ဦး၊ နွေးထွေးသောချစ်ကြည်ရေး မာရသွန်ပြိုင်ပွဲအတွက် စာရင်းပေးထားသူ ၃၅၅၈ ဦး ဝင်ရောက်အပြေးပြိုင်ကြသည်။ အပျော်တမ်းနှင့် တာဝက်၊ တာဝေး ၂၃၈၆ ဦးထဲတွင် မြန်မာနိုင်ငံသား ၃၇၇ ဦး၊ တတိယ နိုင်ငံသား တစ်ဦး ဝင်ရောက်အပြေးပြိုင်ကြသည်။ အပြေးပြိုင်ပွဲကို ရွှေလီမြို့ နုန်မော်ဟူကန် (ပြတိုက်)မှစတင်တာလွှတ်ပြီး မြန်မာနိုင်ငံ နန်းတော်ဂိတ်ပေါက်ရှိ နယ်စပ်မှတ်တိုင် (၈၁)ကို ပတ်၍ နုန်မော်ဟူကန်(ပြတိုက်)တွင် ပန်းဝင်သည်။ မြန်မာနိုင်ငံမှ ဝင်ရောက်အပြေးပြိုင်သူများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရန် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဖော်ဆောင်နိုင်ရန်အတွက် ပေါက်ဖော်ဆုများကိုလည်း ချီးမြှင့်ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**



## နိုင်ငံအတွက်အန္တရာယ် တရားမဝင်ကုန်သွယ်မှု အဂတိကင်းကင်း၊ တက်ညီလက်ညီ ပူးပေါင်းတိုက်ဖျက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ ပြည်တွင်းသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းထုတ်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးလျက်ရှိသည်။ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြီးမားသည့် အနှောင့်အယှက်၊ အဟန့်အတားတစ်ခုမှာ တရားမဝင်ကုန်သွယ်မှုပင်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများက ပြည်တွင်း MSME လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၏ ဈေးကွက်ကို လုယူသွားနိုင်သကဲ့သို့ ဈေးကွက်အတွင်း ကုန်ပစ္စည်းများ မျှတစွာယှဉ်ပြိုင်နိုင်မှုကိုလည်း ပျောက်ဆုံးစေသည်။ အကျိုးဆက်အနေဖြင့် ပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများ၏ ရပ်တည်မှုကို ထိခိုက်စေပြီး MSME လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရေး၊ ဖွံ့ဖြိုးရေးတို့ကို နှောင့်နှေးသွားစေသည်။

တရားမဝင် ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက အများဆုံးဖြစ်ပြီး လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်စည်တင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက ဒုတိယအများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများက တတိယအများဆုံးဖြစ်သည်ဟု သိရသည်။ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဆိုသည်မှာ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတွင် သုံးစွဲရန်ပင်ဖြစ်သည့်အတွက် တရားမဝင်တင်သွင်းလာသော အရည်အသွေးမမီဘဲ ဈေးသက်သာသော ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များက ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများမှာ အရည်အသွေးမပြည့်မီသည့် ပစ္စည်းများသာ ထွက်လာမည်ဖြစ်သည်။ အရည်အသွေးမမီသည့် ကုန်ပစ္စည်းများက ပြည်တွင်းစားသုံးသူများကို ထိခိုက်စေသကဲ့သို့ ပြည်ပတင်ပို့မှုတွင်လည်း နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းမလှသည့် အခြေအနေသို့ ရောက်ရှိသွားစေနိုင်သည်။

တရားမဝင် ကုန်သွယ်မှုများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန် စသည့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများစွာ ဆုံးရှုံးနစ်နာစေခြင်း၊ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးကို ကျဆင်းစေခြင်း၊ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းကြောင့် စရိတ်စကများကုန်ကျခြင်း စသည်ဖြင့် နိုင်ငံကို ထိခိုက်နစ်နာစေသည်။ တရားမဝင်ကုန်သွယ်မှုနှင့်အတူ လာဘ်ပေးလာဘ်ယူကိစ္စများလည်း ယှဉ်တွဲနေရာ ယင်းကိစ္စသည် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာကိုလည်းကောင်း၊ စာရိတ္တနှင့် စိတ်ဓာတ်ကိုလည်းကောင်း လျော့နည်းကျဆင်းစေသည်။ သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုမှ ဖြစ်ပေါ်လာသည့် ဆိုးကျိုးများသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်နှင့် ပြည်သူအပေါ် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်စေသည့်အလျောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ တရားဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုများပိုမိုတိုးတက်ဖြစ်ပေါ်လာရေးတို့ကို အလေးအနက် ဆောင်ရွက်ကြရမည် ဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် သတင်းရရှိမှုသည် အရေးကြီးသည့်အချက်ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများကို တွေ့မြင်သိရှိပါက သက်ဆိုင်ရာသို့ မှန်ကန်သည့်သတင်းအချက်အလက်များ အမြန်ဆုံးပေးပို့ကြရန်လိုသည်။ တာဝန်သိပြည်သူများက ယင်းသို့ သတင်းပေးပို့ခြင်းဖြင့် ဖမ်းဆီးရမိသော တရားမဝင်ကုန်စည်များ၏ တန်ဖိုးအပေါ်မူတည်၍ ဆုကြေးငွေများ ရရှိနိုင်ကြမည်ဖြစ်သည်။ နိုင်ငံနှင့် ပြည်သူအတွက် အန္တရာယ်ဖြစ်သည့် တရားမဝင် ကုန်သွယ်မှုများကို မိမိတို့နိုင်ငံ၏ ပို့ကုန်တင်ပို့မှု မြင့်မားတိုးတက်စေရေး၊ MSMEs ကုန်ထုတ်လုပ်ငန်းများရေရှည်တည်တံ့စေရေး၊ စားသုံးသူ ပြည်သူများ ဘေးအန္တရာယ်ကင်းရေး၊ နိုင်ငံ့ဘဏ္ဍာအခွန်အခများ ဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အဂတိကင်းကင်း၊ တက်ညီလက်ညီ၊ ထိထိရောက်ရောက် တိုက်ဖျက်သွားကြရပါမည့်အကြောင်း။ ။






**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**




မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်း "Digital Skill Up Training (TOT)" သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်နည်းပညာသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့်နည်းပညာတစ်ခုဖြစ်သောကြောင့် သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိသည့် အသိပညာဗဟုသုတများအား မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် လုပ်ငန်းရှင်များကို ပြန်လည်မျှဝေပေးရန်နှင့် လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် ပြန်လည်အသုံးချကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ MSME လုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် ပင်မဖြစ်သော ဒေသတွင်းစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဌာနအနေဖြင့်လည်း လိုအပ်သည်များကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရပ်ဆိုင်ရာသင်တန်းနည်းပြများက သင်ကြားပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## Naypyitaw State Academy **မောင်မယ်သစ်လွင်ကြိုဆို**

**နေပြည်တော် ဇန်နဝါရီ ၆**

Naypyitaw State Academy ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ကျင်းပရာ Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ လူမှုရေးပညာအထူးပြု မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူများ၊ စီးပွားရေး၊ ဥပဒေ၊ အားကစား၊ ဆေးပညာအထူးပြု ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ တက္ကသိုလ် ကျောင်းသား ကျောင်းသူများက ထိပ်တန်းတက္ကသိုလ်တေးသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် Naypyitaw State Academy ၏ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ နုနုလွင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများက Naypyitaw State Academy တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ) **သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

"မန်းရွှေစက်တော် ဘုရားပွဲကို နွေရာသီရုံးပိတ်ရက်တွေမှာဆို ကျွန်တော်တို့ အောက်ပြည်အောက်ရွာကနေ အတော်လေးသွားကြတာများပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာအစစ်ဖြစ်နေတော့ ပိုပြီးစိတ်ဝင်စားမှုများတယ်လို့ထင်ပါတယ်။ ရွှေစက်တော်ဘုရားပွဲက မကွေးမြသလွန်ဘုရား၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းရွှေစက်တော် ပါဒစေတီတော်၊ စကုမြို့က တန်ခိုးကြီးဘုရားတွေ၊ အထင်ကရနေရာတွေ၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားတွေနဲ့ ခရီးစဉ်က တစ်ဆက်တစ်စပ်တည်းဖြစ်နေတော့ ခရီးသွားဧည့်သည်တွေအတွက်လည်း စိတ်ဝင်စားမှုရှိပြီး အသွားများကြတာပါ" ဟု ခရီးသွားတစ်ဦးက ပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်၊ ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ၇၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာခရီးသွားပြည်သူများ အဆင်ပြေပြေ ဖူးမြော်နိုင်ရန် တည်းကျောင်းပေါင်း ၆၀၀ ကျော်၊ ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ရွှေစက်တော် ဘုရားပွဲတော်ရာသီမှာရာသီဥတုကလည်းသာယာ၊ လမ်းခရီးကလည်း ကောင်းမွန်ပြီး ခရီးစဉ်က တစ်ဆက်တစ်စပ်တည်း ဖြစ်နေတာမို့ ဘုရားဖူးဧည့်သည်တွေ၊ အပန်းဖြေလေ့လာခရီးထွက်လိုသူတွေ စိတ်ချမ်းမြေ့စရာကောင်းလှတဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်ပါတယ်" ဟု ရွှေစက်တော်ဂေါပကဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အနောက်မျှော် မီဒီညာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လက်နက်ကိုင်သောင်းကျန်းသူများထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**
အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် မန္တလေးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၇၉ ခုနှစ်မှစတင်၍ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းကာ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပြီး စက်မှုကျွမ်းကျင်လုပ်သားများကိုလေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုအခါ အထည်ချုပ်ကဏ္ဍအတွက်အထည်ချုပ်သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် အစဉ်လေ့လာ သင်ယူနေသည့် လူ့ဘောင် အဖွဲ့အစည်းတွင် လေ့လာသင်ယူမှုကို မြတ်နိုး တန်ဖိုးထားသူ၊ အစဉ်လေ့လာ သင်ယူနေသူများ ဖြစ်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ပြီး အနာဂတ်မြန်မာနိုင်ငံ၏ အထည်အလိပ်၊ အဝတ်အထည် နှင့် အထည်ချုပ်စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးတို့က အမှာစကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း ခန်းမအတွင်းရှိ သင်ထောက်ကူပစ္စည်းများ၊ အဝတ်အထည်ချုပ်လုပ်မှုနှင့် ပတ်သက်၍ သင်ကြားပေးနေမှုတို့ကို လှည့်လည်အားပေးကြည့်ရှုသည်။(ဓာတ်ပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဒေသခံများနှင့် ဆက်စပ်ဌာနများ ချိတ်ဆက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**
သစ်တောများအား မှီခိုနေထိုင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တောများ တည်ထောင်ခြင်း စီမံကိန်း၏ သစ်တော ထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ဒေသခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စံပြသစ်တောစီမံကိန်းသည် သစ်တောထိန်းသိမ်းရေးနှင့်ဒေသခံပြည်သူအခြေပြုစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးစေရေးကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဒေသခံများနှင့် ဆက်စပ်ဌာနများ ချိတ်ဆက်ဆောင်ရွက်ပြီး ရေရှည်တွင် ပိုမိုတိုးတက်ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ အခွင့်အလမ်းနှင့် အစီအစဉ်များ ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် ခင်းကျင်းပြသထားသော သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ လှုပ်ရှားမှုပိုစတာများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက်အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်သူအခြေပြု စံပြသစ်တောတည်ထောင်ခြင်း၏ သဘောသဘာဝနှင့် စီမံကိန်းလုပ်ငန်းတိုးတက်မှု၊ သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အလားအလာ၊ ဂေဟစနစ်ဝန်ဆောင်မှုနှင့် ဒေသခံပြည်သူအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်မှုတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်တွင်စားသုံးဆီများကို သက်သာသောနှုန်းထားဖြင့်ရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၆**
၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။




(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲသို့လာရောက်လည်ပတ်ကြသူများအတွက် စားသုံးဆီများကို သက်သာသောနှုန်းထားဖြင့် အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရောင်းချပေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဖွင့်

**ဝါးခယ်မ ဇန်နဝါရီ ၆**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ယနေ့မွန်းလွဲ ၂ နာရီက မီးသတ်တပ်ဖွဲ့ဝင်များ၏ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၅) တွင် တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးစွမ်းရည်၊ မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြည့်ဝစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်များ တိုးတက်စေရေး အစဉ်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



**ဟိန်းထက်လင်း(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ ဆောင်းပဲသီးနှံမျိုးစုံအား လျာထားပြည့်မီကျော်လွန် စိုက်ပျိုးပြီးစီး

**ဖြူး ဇန်နဝါရီ ၆**
ဖြူးမြို့နယ်တွင် ဆောင်းပဲသီးနှံစိုက်ပျိုး၍ ဒေသအတွင်း စားရိက္ခာဖူလုံရေး၊ တောင်သူများ စိုက်ပျိုးရေးကဏ္ဍဖြင့် ဝင်ငွေတိုးပွားရေးရည်ရွယ်၍ ယခုနှစ် ဆောင်းပဲ သီးနှံမျိုးစုံ ၁၂၅၂၀၂ ဧကစိုက်ပျိုးနိုင်ရေး လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ၁၄၃၄၉၃ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက် ပြည့်မီကျော်လွန်ခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ်တွင် ဆောင်းပဲသီးနှံများ ဖြစ်သည့် မတ်ပဲ ၉၈၂၁၉ ဧက၊ပဲတီစိမ်း ၁၆၁၁၂ ဧက၊ ပဲနောက် ၅၃၁၄ ဧက၊ ဘိုကိတ် ၆၂၆ ဧက၊ ပဲကြီး ၂၃၅ဧက၊ စွန်တာနီ ၆ ဧက၊ ကုလားပဲ ၂၇ဧက၊ ပဲလွမ်း ၄၆၆၃ ဧက၊ စုစုပေါင်း ပဲမျိုးစုံ ၁၂၅၂၀၂ ဧကစိုက်ပျိုးသွားနိုင်ရေး လျာထားခဲ့သည်။

ထို့ကြောင့် မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်မျိုးစေ့များဖြင့် စိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ်များဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိအခြေအနေအရ မတ်ပဲ ၁၀၆၂၈၇ ဧက၊ ပဲတီစိမ်း ၁၇၆၁၃ ဧက၊ ပဲနောက် ၈၃၁၁ ဧက၊ ဘိုကိတ် ၇၁၁၄ ဧက၊ ပဲကြီး ၂၃၅ဧက၊ စွန်တာနီ ၆ ဧက၊ ကုလားပဲ ၂၇ဧက၊ ပဲလွမ်း ၃၉၀၀ ဧက စုစုပေါင်း ၁၄၃၄၉၃ ဧကကို လျာထားချက် ပြည့်မီ ကျော်လွန်စွာ စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပြည်ထောင်စုနယ်မြေအတွင်း အကျိုးဝင်မှတ်ပုံတင်ထားသောအလုပ်ဌာနများမှ ရေဘေးသင့် အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များထုတ်ပေးရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စု နယ်မြေအတွင်း အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့် အာမခံ အလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အရာထမ်း၊ အမှုထမ်းများ၊ တာဝန်ရှိသူများနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်ဖွန်းမုန်တိုင်း(ရာဂီ)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပြည်သူအများ အတိဒုက္ခရောက်ခဲ့ရပြီး အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးရခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင်ရှိသည့် လူမှုဖူလုံရေး မြို့နယ်ရုံး ၈၀ တွင် ယနေ့အချိန်အထိ အလုပ်ဌာန ၃၄၈၂၇ ဌာနနှင့် အလုပ်သမား ၁၂၇၇၅၁၃ ဦးတို့ အကျုံးဝင်မှတ်ပုံတင်ထားပြီး ဖြစ်ရာ ပြည်ထောင်စုနယ်မြေအတွင်း အလုပ်ဌာန ၁၀၈၁ ဌာန၊ အာမခံအလုပ်သမား ၂၇၇၃၄ ဦး မှတ်ပုံတင်ထားပြီး ၎င်းတို့အနက် အလုပ်ဌာန ၁၄၈ ဌာနက ရေဘေးသင့်အာမခံအလုပ်သမား ၉၇၁ ဦးအား ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်းကို ယနေ့အခမ်းအနားတွင် ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ အာမခံအလုပ်သမား ၉၇၁ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်း လွှဲပြောင်းပေးအပ်ပြီး **(ဝဲပုံ)** နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ **သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစတင်ပြီး ရေမွန်းသော မွေးကင်းစကလေး အသက်ရှူရန် အသက်ကယ်ပြုစုခြင်း ဆရာဖြစ်သင်တန်းများကို တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်များတွင် ဆောင်ရွက်ခဲ့ပြီး မွမ်းမံသင်တန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**မကွေး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အသက် ငါးနှစ်အောက် ကလေးငယ်များအားလုံး ရောဂါဘယကင်းဝေး၍ သက်ရှည်ကျန်းမာပြီး ကာယ၊ ဉာဏနှင့် လူမှုဘဝပြည့်စုံသော ဘဝများရရှိ၍ အနာဂတ်တွင် ဘက်စုံဖွံ့ဖြိုးသော နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်စေရန် မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများအား ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆောင်ရွက်ရာတွင် အသက်ငါးနှစ်အောက် ကလေးသေဆုံးနှုန်းနှင့် မွေးကင်းစကလေးသေဆုံးနှုန်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းအဖြစ် ပါဝင်နေသည့်အတွက် အရည်အသွေး ပြည့်မီသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစတင်ပြီး ရေမွန်းသော မွေးကင်းစကလေး အသက်ရှူရန် အသက်ကယ်ပြုစုခြင်း ဆရာဖြစ်သင်တန်းများကို တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်များတွင် ဆောင်ရွက်ခဲ့ပြီး မွမ်းမံသင်တန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ မြို့နယ် ၂၀ မြို့နယ်မှ စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၇၀၈ ဦးအား သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**



# ဝမ်းတွင်းမြို့နယ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ဝမ်းတွင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က အခြေခံပညာအထက်တန်းကျောင်း (သဲတော-ဝမ်းတွင်း)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် မူလွန်အမှတ် (၂) ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပြည်ထောင်စုအင်အား သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး မြို့နယ်ပညာရေးမှူးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပြိုင်ပွဲများပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူလေးများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဆုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ကျောက်တန်း ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့(မြို့မ)အခြေခံပညာအလယ်တန်းကျောင်း ရွှေသံလွင်ခန်းမ၌ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက ကျောင်းသား ကျောင်းသူလေးများကို သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးကို ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝဘေး အန္တရာယ်များကြုံတွေ့လာပါက မီးသတ်တပ်ဖွဲ့ဝင်များသာမက ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်၍ ထိခိုက်ပျက်စီးမှုများ လျော့ပါးစေရေး ရှာဖွေကယ်ဆယ်ကူညီခြင်းများကို ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူလေးများကို အသိပညာပေးအနေဖြင့် ဂိမ်းကစားနည်းများမှအစ မီးငြိမ်းသတ်ခြင်းများ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ကူညီဆောင်ရွက်ခြင်းများကို အသိပညာပေးဟောပြောခဲ့သည်။

**ဝင်းစိုး(ကျောက်တန်း)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ငါး၊ ပုစွန် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့ ရောဂါကြိုတင်ကာကွယ်ကြပါစို့

ဝါဝါဖူး(Ph.D)၊ မွေး/သု(မန်း)

**ငါး၊ ပုစွန်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအဟန့်အတားများ**

ငါး၊ ပုစွန်ရောဂါများ ကင်းရှင်းစေရန် ကြိုတင်ကာကွယ်ခြင်းသည် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၌ အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ကူးစက်ရောဂါများသည် ငါး၊ ပုစွန်များ၏ ကျန်းမာရေးကို ထိခိုက်စေပြီး ထုတ်လုပ်မှုနှင့် စီးပွားရေးအတွက် ဆိုးကျိုးများစွာဖြစ်စေပါသည်။ ရာသီဥတုပြောင်းလဲမှု၏ ရေရှည်အကျိုးဆက်များဖြစ်သော မိုးရွာသွန်းနှုန်းနည်းပါးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်မားလာခြင်း စသည့်အကြောင်းအချက်များသည် ရေလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်၌ သက်ရောက်မှုရှိစေပါသည်။ မြင့်မားသောရေအပူချိန်သည် ငါး၊ ပုစွန်များ၏ ကိုယ်ခံအားစနစ်ကို ထိခိုက်စေနိုင်ပြီး ခန္ဓာကိုယ်ပေါ်တွင်ရှိသော ရောဂါပိုးမွှားများကို ခံနိုင်ရည်ရှိစေပါသည်။ ထိုအချက်ကြောင့် ရာသီဥတုပြောင်းလဲမှုသည် ငါး၊ ပုစွန်ရောဂါများဖြစ်ပွားမှုနှင့် ပြင်းထန်မှုကို တိုးမြင့်လာစေနိုင်ပါသည်။

**ငါး၊ ပုစွန်ရောဂါဖြစ်ပွားရသည့်အကြောင်းအရင်း**

ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၏ အခြေခံအချက်များဖြစ်သော ရောဂါကူးစက်ပျံ့နှံ့စေသော ကွင်းဆက်အားပြတ်တောက်ပျက်စီးအောင်ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။




**ငါး၊ ပုစွန်ရောဂါဖြစ်ပွားရန် လက်ခံကောင်၊ ရောဂါပိုးနှင့် ပတ်ဝန်းကျင်တို့အကြား အပြန်အလှန်သက်ရောက်မှု။**

ကပ်ပါးပိုးများနှင့် ရောဂါပိုးများပျံ့နှံ့မှုသည် အပူချိန်ပြောင်းလဲမှုကြောင့် တိုက်ရိုက်သက်ရောက်မှုရှိသော်လည်း သွယ်ဝိုက်သောနည်းအားဖြင့် လက်ခံကောင်နှင့် လက်ခံကောင်မှတစ်ဆင့် ပြန်လည်ကူးစက်၍လည်း သက်ရောက်မှုရှိနိုင်ပါသည်။ ဖြစ်ပွားသောရောဂါများသည် ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာအဖြစ်အပျက်များနှင့် ဆက်စပ်နေပါသည်။ အပူချိန်တိုးလာသည်နှင့်အမျှ ငါးကပ်ပါးပိုးများနှင့် ရောဂါပိုးမွှားများ၏ ကူးစက်နှုန်းသည်လည်း တိုးလာမည်ဖြစ်ပါသည်။ ငါးမျိုးစိတ်တစ်ခုချင်းစီ၏ ခံနိုင်ရည်စွမ်းအားသည် ပုံမှန်နွေရာသီအပူချိန် (၂၈°C)တွင် အကောင်းဆုံးဖြစ်ပါသည်။ ရေ၏အပူချိန်သည်အကောင်းဆုံးအခြေအနေ (၂၈°C) ၏ အထက် (သို့မဟုတ်) အောက်တွင် ရှိပါက ဇီဝကမ္မဆိုင်ရာဖိစီးမှုဖြစ်စေနိုင်ပြီး ရောဂါကူးစက်နိုင်ခြေနှင့် သေဆုံးနိုင်ခြေကို တိုးမြင့်စေနိုင်ပါသည်။

အပူချိန်ပြောင်းလဲခြင်းသည် ငါးများ၏ ခုခံအားကျဆင်းခြင်း၊ ကပ်ပါးကောင်များနှင့် ရောဂါပိုးမွှားများဖြစ်ပွားမှုတိုးလာခြင်းတို့နှင့်အတူ ခုခံစွမ်းအား၏ တုံ့ပြန်မှုပြောင်းလဲခြင်းဖြင့် ရောဂါဖြစ်ပွားနိုင်ခြေတိုးလာပြီး ငါး၊ ပုစွန်များအပေါ်တွင် အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ထို့အပြင် ဖြစ်ပွားတတ်သော ရောဂါအများစုမှာ ရေအရည်အသွေးညံ့ဖျင်းခြင်း၊ ရေပူလွန်းအေးလွန်းချိန်များ၌ ငါးများတွင် အထိအမိများမှုကြောင့် စိတ်ဖိစီးမှုများခြင်း၊ ပြင်ပမှ ဝယ်ယူ/သယ်ဆောင်လာသော ငါးများကို ငါးများထည့်သွင်းရမည့်နှုန်းထက် များပြားခြင်း၊ ရောဂါဖြစ်ပွားသောငါးများကို သီးသန့်ခွဲထားမှု မရှိခြင်း၊ နဂိုရှိရင်းစွဲရောဂါပိုး၊ လက်ခံကောင် စသည့်အချက်များကြောင့် ရောဂါကူးစက်နှုန်း များပြားစေနိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုး၌ မိမိတို့မွေးမြူထားသော ငါး၊ ပုစွန်များမှာ ကိုယ်ခံအားကျဆင်းနေပါက အလွယ်တကူ ကူးစက်နိုင်ပြီးသေသည်အထိ ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို သင့်လျော်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်လျှင် ငါး၊ ပုစွန် ရောဂါများကျရောက်မှုမှ လျော့နည်းစေနိုင်မည်ဖြစ်ပါသည်။ မွေးမြူရေးကန်များ၌ ငါး၊ ပုစွန်ရောဂါ ဖြစ်ပွားမှုမရှိရန် ကြိုတင်ကာကွယ်ရမည်ဆိုပါလျှင် –

(၁) အရည်အသွေးကောင်းသော ရေသည် အကျိုးပြုဗက်တီးရီးယားများပေါက်ပွားရန် အားပေးပြီး ရောဂါပိုးများနည်းပါးသွားခြင်းကြောင့် ရေအရည်အသွေးကောင်းမွန်အောင် ပြုပြင်ပေးခြင်း။

(၂) မွေးမြူထားသော မျိုးစိတ်အလိုက် ကိုယ်ခံအားမြင့်မားစေရန်အတွက် အာဟာရပြည့်မီသော အစာကျွေးခြင်း။

(၃) ရာသီဥတုအလိုက် ရေအရည်အသွေးပြောင်းလဲမှုမရှိစေရေး ပုံမှန်စစ်ဆေးခြင်း။

(၄) မွေးမြူရေးကန်များ၌ ရောဂါများကျရောက်မှု ရှိ/မရှိ ပုံမှန်စစ်ဆေးခြင်း။

(၅) ငါး၊ ပုစွန်များသေဆုံးမှုရှိလျှင် ငါး၊ ပုစွန်မွေးမြူရေး ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်း။

**ရောဂါပိုးများတွေ့ရှိနိုင်သည့် ငါးမျိုးစိတ်များ**

ကန်အောက်ခြေမြေပြင်၌ နေထိုင်ပြီး အကြေးခွံမရှိသောငါးများဖြစ်သည့် ငါးကျည်း၊ ငါးခူ၊ ငါးရှဉ့်အစရှိသည့်ငါးများမှာ ပို၍ရောဂါအဖြစ်များပြီး ငါးရံ့၊ ငါးပြေမများသည် ဒုတိယအဖြစ်များကာ အကြေးခွံရှိသော ငါးကြင်း၊ ငါးသိုင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ငါးခုံးမ အစရှိသည့် ငါးများသည် တတိယအဖြစ်များဆုံး ဖြစ်ပါသည်။

ဆောင်းရာသီဝင်ရောက်ချိန်နှင့် နွေရာသီကူးပြောင်းချိန်တို့၌ ရောဂါဖြစ်ပွားနိုင်ပြီး ကန်ရေအရည်အသွေးညံ့ဖျင်းမည်ဆိုပါက ရာသီမရွေးဖြစ်ပွားနိုင်ပါသည်။ ငါးများ၌ ရောဂါစတင်ဖြစ်ပွားလာပြီဆိုပါလျှင် ရေပေါ်တွင်ပေါ်လာခြင်း၊ ကူးခတ်ပုံနှေးကွေးလာခြင်း၊ အစားအစာ ကောင်းစွာမစားခြင်း၊ ရေပေါ်လွှာနှင့်ရေအောက်လွှာတွင် နေထိုင်ကျက်စားသော အကြေးခွံရှိသည့် ငါးမြစ်ချင်း၊ ငါးကြင်း၊ တီလားပီးယား ငါးများသည် ရေမျက်နှာပြင်အောက် တစ်ပေခန့်မှာ မကူးခတ်ဘဲ တန့်နေခြင်း၊ ငါး၏ ခန္ဓာကိုယ်ပေါ်တွင် အနီကွက်များဖြစ်ပေါ်ခြင်း၊ မီးလောင်ထားသကဲ့သို့ ဖြစ်နေခြင်းနှင့် ပါးဟက်များ မဲနေခြင်းစသည့် လက္ခဏာများ ဖြစ်ပေါ်လာပါက သတိပြုရမည်ဖြစ်ပါသည်။

ငါး၊ ပုစွန်ရောဂါအမျိုးအစားများကို ထပ်မံခွဲခြားရလျှင် မကူးစက်တတ်သော ရောဂါများ (Non–infectious disease)နှင့် ကူးစက်တတ်သော ရောဂါများ(Infectious disease)ဟူ၍ (၂)မျိုးရှိရာ၌ မကူးစက်တတ်သောရောဂါများမှာ ပတ်ဝန်းကျင်အခြေအနေကြောင့်ဖြစ်သည့် ရောဂါ(Direct environment effect) နှင့် အစာအာဟာရကြောင့်ဖြစ်ပွားသည့် ရောဂါ (Nutritional disease) ဟူ၍ လည်းကောင်း၊ ကူးစက်တတ်သောရောဂါများ၌ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသောရောဂါများ (Viral disease)၊ ဗက်တီးရီးယားကြောင့်ဖြစ်သော ရောဂါများ(Bacterial disease)၊ မှိုကြောင့်ဖြစ်သောရောဂါများ (Fungal disease)နှင့် ကပ်ပါးပိုးကြောင့် ဖြစ်ပွားသောရောဂါများ(Parasitic disease) ဟူ၍ ဖြစ်ပါသည်။

**မကူးစက်တတ်သော ရောဂါများ (Non–infectious disease)**

ပတ်ဝန်းကျင်အခြေအနေကြောင့် ဖြစ်သည့်ရောဂါ (Direct environment effects)

ရောဂါဖြစ်ပွားရသည့် ပတ်ဝန်းကျင်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်


- **ရေအပူချိန်–** ရေနေသတ္တဝါများသည် ရေအပူချိန်ကျဆင်းခြင်းကို ခံနိုင်ရည်ရှိသော်လည်း အပူချိန်မြင့်မားပါက ရောဂါပိုမိုဖြစ်စေနိုင်ပြီး ရေအပူချိန်လျင်မြန်စွာ ပြောင်းလဲပါက ဖိစီးမှုဒဏ်ပိုမိုဖြစ်စေနိုင်ခြင်း။
- **အောက်ဆီဂျင်နှင့်ကာဗွန်ဒိုင်အောက်ဆိုက်–** ငါးငယ်များသည် ငါးကြီးများထက် အောက်ဆီဂျင် ပိုမိုလိုအပ်ပါသဖြင့် အောက်ဆီဂျင်မလုံလောက်ပါက ပါးဟက်များတွင် ကပ်ပါးပိုးမွှားများ စုနေတတ်ပြီးနောက် ပါးဟက်မျှင်များပျက်စီးခြင်းကို ဖြစ်စေနိုင်ခြင်း။
- **အမိုးနီးယား–** ရေတွင် အမိုးနီးယားမြင့်တက်ပါလျှင် ချဉ်ဖန်နှုန်းကို ပြောင်းလဲစေနိုင်ပြီး ငါးများ၏ ပါးဟက်နှင့် အခြားသော အင်္ဂါများကို ပျက်စီးစေနိုင်ခြင်း။
- **နိုက်ထရိတ်နှင့်နိုက်ထရိုက်–** နိုက်ထရိတ်သည် ငါးများကို အဆိပ်အတောက် မဖြစ်စေနိုင်သော်လည်း နိုက်ထရိုက်မှာ အဆိပ်အတောက်ဖြစ်စေနိုင်ကာ Methemoglobin ဓာတ်ကို ထုတ်ယူပြီး သွေးရောဂါဖြစ်စေနိုင်ခြင်း။
- **ကာဗွန်ဒိုင်အောက်ဆိုက်–** ငါးများ၏သွေးထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် မြင့်မားနေပါက အောက်ဆီဂျင်ကို ဟန့်တားမှုဖြစ်စေနိုင်သကဲ့သို့ ကျောက်ကပ်ကို ပျက်စီးစေနိုင်ခြင်း။
- **ကလိုရင်း–** ရေထဲတွင် ကလိုရင်းများနေပါက သို့မဟုတ် ပျော်ဝင်မှုအားကောင်းခြင်း မရှိပါက ငါးများ၏ ပါးဟက်ကို ထိခိုက်စေနိုင်ခြင်း (ရေ ၁ လီတာတွင် ဆိုဒီယမ်သိုင်အိုဆာလဖိတ် ၁ ဂရမ်နှုန်းဖြင့် ကလိုရင်းပျယ်စေရန် ဆောင်ရွက်နိုင်ပါသည်။)

*စာမျက်နှာ ၇ သို့*

**ကူးစက်တတ်သော ရောဂါများ (Infectious disease)**

**ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသောရောဂါများ (Viral disease)**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး၊ ပုစွန်အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းအရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • ငါးများ အစာစားနှုန်း လျော့ကျခြင်း။<br>• ကိုယ်အလေးချိန် လျော့ကျခြင်း။<br>• ဦးခေါင်းပိုင်း၊ ကိုယ်ပိုင်း၊ အမြီး ဆူးတောင်နှင့် ရေယက်များတွင် အနီစက်များ ဖြစ်ပေါ်နေခြင်း။ | • ကျောက်ငါး၊<br>• ပုစွန်ဖြူ၊<br>• ငါးခုံးမ။ | • ရေအပူချိန်ကျဆင်းသော နိုဝင်ဘာလမှ ဖေဖော်ဝါရီလ (အနိမ့်ဆုံး ၁၉ မှ ၂၅ ဒီဂရီစင်တီဂရိတ်အထိ)။<br>• ရေအပူချိန် ရုတ်တရက် ပြောင်းလဲခြင်း။<br>• မိုးရွာသွန်းမှုများခြင်း။<br>• အက်စစ်ဓာတ် မြင့်မားခြင်းနှင့် ပျော်ဝင်အောက်ဆီဂျင် လျော့နည်းခြင်း။ | • ပိုတက်ဆီယမ် ပါမင်ဂနိတ်(ဖန်ရေ) အား မွေးမြူသည့် ရေပမာဏအပေါ် မူတည်၍ အသုံးပြုရန် ($KMnO_4$= 1 gram/ 10 of water dip for 7 minutes)။<br>• အိမ်သုံးဆား(ဆိုဒီယမ်ကလိုရိုဒ်)အား ငါးမွေးကန် တစ်ဧကလျှင် ပိဿာ ၅၀ နှုန်းဖြင့် ကန်အနှံ့ဖြူးခြင်း (သို့မဟုတ်) ရောဂါအနည်းအများအပေါ် မူတည်၍ ၂၀–၃၀ဂရမ်/လီတာအား ၁၀–၃၀ မိနစ်အထိ စိမ်ပေးရန်။<br>• ကန်ရေ၏ ချဉ်ဖန်နှုန်း အပေါ်မူတည်၍ ထုံး ၅၀–၁၅၀ ပိဿာအထိ ဖြူးပေးရန်။ |



ကျောက်ငါးတွင် တွေ့ရှိရသော Iridovirus



ပုစွန်ဖြူတွင် တွေ့ရှိရသော white spot syndrome virus (WSSV)



ငါးခုံးမငါးတွင် တွေ့ရှိရသော အနီစက်၊ အနာခွက်ရောဂါ Epizootic ulcerative Necrosis Virus syndrome (EUS)

*စာမျက်နှာ ၆ မှ*

**အစာအာဟာရကြောင့် ဖြစ်ပွားသည့်ရောဂါ (Nutritional disease)**

- ➢ **အစာငတ်မွတ်ခြင်း-** သင့်လျော်သော အစာအာဟာရနှင့် အရည်အသွေးပြည့်ဝမှုမရှိခြင်း။
- ➢ **အာဟာရလျော့နည်းခြင်း-** ထည့်သွင်းဖော်စပ်ထားသော အာဟာရတန်ဖိုးများ လျော့နည်းခြင်းကြောင့် ခေါင်းကြီးကိုယ်သေးခြင်း၊ အရိုးပုံပျက်ခြင်း၊ ကြီးထွားမှုနှေးကွေးခြင်းတို့ ဖြစ်စေနိုင်ပါသဖြင့် အစာကျွေးသည့်အခါ (သို့မဟုတ်) ဖော်စပ်စာများပြုလုပ်ချိန်တွင် မွေးမြူမည့် ငါးမျိုးစိတ်အလိုက် အာဟာရလိုအပ်ချက် ထည့်သွင်း၍ ကျွေးခြင်း၊ မွေးမြူကန်ရေနောက်ကျိမှုမရှိစေရန်အတွက် လိုအပ်သော ကန်ပြုပြင်စီမံဆောင်ရွက်ခြင်းနှင့် ရေအရည်အသွေးပုံမှန်စစ်ဆေးရန်လိုအပ်ခြင်း။

**ငါး၊ ပုစွန်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် ရောဂါကြိုတင်ကာကွယ်မှု**

ငါး၊ ပုစွန်ရောဂါသည် ဖြစ်ပွားမှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် ပိုမိုထိရောက်ပြီး အကျိုးရှိစေပါသည်။ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုအလေ့အကျင့်များ (Better Management Practices-BMP) ကို အကောင်အထည်ဖော်ခြင်းသည် ငါး/ပုစွန်များ ရောဂါမကြာခဏ ဖြစ်ပွားမှုနှင့် ထုတ်လုပ်မှုဆုံးရှုံးမှုများကိုကာကွယ်ရန် အရေးကြီးဆုံးဖြစ်ပါသည်။ နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါများကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာများ အလွန်အကျွံ ကျွေးခြင်းများကို လျှော့ချရန် လိုအပ်ပါသည်။

ထို့အတူ ရာသီဥတုအပြောင်းအလဲများကြောင့် နံနက်ပိုင်း မိုးအုံ့သောရက်များ၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးဖြစ်ပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချပေးခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင်အောက်ဆီဂျင်(D.O) မြင့်တက်စေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ငါးမွေးမြူရေးကန်များရှိ ရေများအပူချိန်ကြောင့် ရေခန်းခြောက်လာမည်ဆိုပါက သန့်ရှင်းသောရေသစ်များ ပြန်လည်ဖြည့်သွင်းပေးရန်၊ ရေအသစ်လဲလှယ်နိုင်ရန် ရေကောင်းရေသန့် သိုလှောင်ကန်ထည့်ထားသည့် အရန်ကန်စီစဉ်ထားရှိရန်၊ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများအား အရေအတွက်လျှော့ချပေးရန်၊ ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုကိုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ကြိတ်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာကျွေးရန်နှင့် အစာကျန် ရှိ/မရှိ ပုံမှန်စစ်ဆေးရန်၊ ကန်အခြေအနေနှင့် ကန်ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီ၌ ပုံမှန်စစ်ဆေးပေးရန် စသည့်အချက်များကို လိုက်နာဆောင်ရွက်ပေးမည်ဆိုပါလျှင် မိမိတို့ မွေးမြူထားသောငါးများမှာ ကြီးထွားနှုန်းကောင်းမွန်ပြီး အထွက်နှုန်းတိုးတက်မည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရာသီဥတုပြောင်းလဲမှုသည် ငါး၊ ပုစွန်ရောဂါအပေါ်တွင် သက်ရောက်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို ပြန်လည်၍ မျှဝေရေးသားတင်ပြလိုက်ရပါသည်။ ။

**ဗက်တီးရီးယားကြောင့်ဖြစ်သော ရောဂါများ (Bacterial disease)**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး၊ ပုစွန်အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းအရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • ငါးများ အစာစားနှုန်း လျော့ကျခြင်း။<br>• ကန်ရေပြင်အထက်နားတွင်သာ ကူးခတ်ခြင်း။<br>• အရေပြားအရောင် ပျောက်လာခြင်း (သို့ ) အမဲရောင်ဖြစ်ပေါ်ခြင်း။<br>• စအိုရေယက်၊ ပါးစပ်နှင့်ပါးဟက်များတွင် မီးလောင်နာကဲ့သို့ အနာများဖြစ်ခြင်း။ | • ကျောက်ငါး၊<br>• ငါးပါးနီ၊<br>• ကကတစ်၊<br>• ငါးသလောက်။ | • ရေအရည်အသွေး ကျဆင်းသော အချိန်များ၌ ရောဂါဖြစ်ပွားနှုန်း လွယ်ကူခြင်း၊<br>• ထည့်သွင်းနှုန်းများခြင်းနှင့် ရေအပူချိန် မြင့်တက်ခြင်း။<br>• ကိုင်တွယ်မှုကြမ်းတမ်းခြင်းကြောင့် ဖိစီးမှုများခြင်း။ | • ရေအရည်အသွေး ထိန်းသိမ်းရန်။<br>• ထည့်သွင်းကောင်ရေ လျှော့ချရန်။ |



ငါးသလောက်၏ပါးဟက်တွင် ဗက်တီးရီးယားကြောင့် ဖြစ်သော Flexibacter columnaris disease




ငါး၏ကျောက်ကပ်တွင် ဗက်တီးရီးယားကြောင့် ဖြစ်သော Aeromonad disease



ကကတစ်ငါး၏အကြေးခွံတွင် ဗက်တီးရီးယားကြောင့် ဖြစ်သော Vibrio anguillarum disease

**မှိုကြောင့်ဖြစ်သော ရောဂါများ (Fungal disease)**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး၊ ပုစွန် အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းအရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • ရောဂါပိုးရှိသော နေရာ အနာကွက်၌ အဖြူရောင်အမျှင်များ ထွက်လာခြင်း။<br>• အရေပြားပေါ်တွင် အနာများ ဖြစ်ပေါ်ပြီး အရေပြားများ ကွာကျခြင်း၊ ဆူးတောင်များ တိုသွားခြင်း။ | • ရေချိုငါးအုပ်စုများ။ | • ငါးများ ပြောင်းရွှေ့ချိန်တွင် ကိုင်တွယ်မှု ကြမ်းတမ်းခြင်းကြောင့် ဒဏ်ရာရရှိပြီး မှိုရောဂါ ဖြစ်ပွားခြင်း။<br>• ရေထုညစ်ညမ်းခြင်း (မြက်များ/ဒိုက်များ ပုပ်ဆွေးခြင်း)။ | • ဗက်တီးရီးယားနှင့် ကပ်ပါးပိုးကြောင့်ဖြစ်သော အနာများမှ တစ်ဆင့် မှိုရောဂါဝင်ရောက်ရန်။<br>• ရောဂါဖြစ်သော ငါးများကို ရေ ၁ လီတာတွင် ဆားအလေးချိန် ၅၀ ဂရမ် နှုန်းဖြင့် စိမ်ရန် (၃၀ စက္ကန့်မှ ၃၀ မိနစ် အထိ)။<br>• ငါးမထည့်မီ ကန်ကို စနစ်တကျပြုပြင်ရန်။<br>• သယ်ယူပို့ဆောင်မှုကြောင့် ငါးများ ဖိစီးမှုဒဏ်မဖြစ်စေရန် ဂရုစိုက်ရန်။<br>• ရေတစ်လီတာ၌ ဆားကြမ်း ၂၂ ဂရမ်အား မိနစ် ၃၀ ခန့် စိမ်ပေးရန်။ |



ရွှေဝါငါးကြင်း၏ ခန္ဓာကိုယ်ပေါ်တွင် တွေ့ရှိရသော Saprolegnia မှိုရောဂါ



တီလားပီးယားငါး၏ ပါးဟက်တွင် တွေ့ရှိရသော Branchiomycosis(Gill Rot Disease) မှိုရောဂါ



ငါးကြင်း၏ ပါးဟက်တွင် တွေ့ရှိရသော Branchiomycosis(Gill Rot Disease) မှိုရောဂါ

**ကပ်ပါးပိုးကြောင့် ဖြစ်ပွားသောရောဂါများ (Parasitic disease)**

| လက္ခဏာများ | ဖြစ်ပွားနိုင်သော ငါး၊ ပုစွန် အမျိုးအစားများ | ရောဂါဖြစ်စေသော အကြောင်းအရင်းများ | ကြိုတင်ကာကွယ်မှုနှင့် ကုသခြင်း |
|---|---|---|---|
| • အနာကွက်များ၌ ရှည်မျောမျော ကပ်ပါးပိုး တွယ်ကပ်နေခြင်း၊ ရေယက်များ၊ အကြေးခွံများ၊ ဆူးတောင်အရင်းများ၌ တွယ်ကပ်နေခြင်း။<br>• ငါးများ ကိုယ်ခံအား ကျဆင်းပြီး ပိန်လာခြင်း။ | • တီလားပီးယား၊<br>• ငါးရံ့၊<br>• ငါးကြင်း၊ ငါးသိုင်း အုပ်စု၊<br>• ရေငန်ပုစွန်။ | • ဆောင်းရာသီကာလများ၊ ရေညစ်ညမ်းသော ကာလများ၊ ရာသီဥတု ပြောင်းလဲချိန်များနှင့် အနည်အနှစ်များ စုပုံနေခြင်း။ | • ငါးသားလောင်းအဆင့်တွင် ၃-၅ ရာခိုင်နှုန်းအထိ ဆားရည်စိမ်ပေးရန်။<br>• ငါးသားပေါက်များ မထည့်မီ ကန်အခြောက်ခံရန်။<br>• ထုံးဖြူးပေးရန်။ |



Lernaea cyprinacea ကျောက်ဆူးကပ်ပါးပိုး



ငါး၏ အကြေးခွံတွင် Lernaea cyprinacea ကပ်ပါးပိုး တွယ်ကပ်နေပုံ



ငါး၏ ပါးဟက်တွင် Trichodina ကပ်ပါးပိုး တွယ်ကပ်နေပုံ

**မှီငြမ်းကိုးကားချက်များ**


- Filiz OZCAN & Neval Berrin ARSERiM (2022). Fungal disease in fish, Black Sea Journal of Agriculture, Volume 5 – Issue 1: 48–52.
- Kawaljeet Kaur, Sagar Reddy, Pramod Barathe, Uttara Oak, Varsha Shriram, Sanjay S. Kharat, M. Govarthanan, Vinay Kumar (2022) Microplastic–associated pathogens and antimicrobial resistance in environment, Chemosphere. Volume 291, Part 2.
- T. Suguna (2021) Infectious Fish Disease Occurrence in Carp Culture Ponds of West Godavari District, Andhra Pradesh, India, International Journal of Current Microbiology and Applied Science. Volume 10 Issue 11: 376–386.
- War War Phoo (2002) Disease and infection of some fishes and prawns of Dagon University campus, Master thesis.
- ရောဂါရှာဖွေရေးဌာနစု၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်မြို့။

# မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

## အလွယ်တကူခေါ်ဆိုတိုင်ကြားနိုင်ရန် Consumer Call Center (၁၅၃၅)ကို ၂၀၂၁ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၅၂ ၌ ကျင်းပရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် စီးပွားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စားသုံးသူကာကွယ်ရေးအတွက် ၂၀၁၇ ခုနှစ်မှ စတင်ပြီး စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) အပါအဝင် ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဦးစီးမှူးရုံးများ၊ ခရိုင်ဦးစီးမှူးရုံးများ၌ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center–CICC) ၄၈ ခုကို ဖွင့်လှစ်ထားရှိပြီး လူကိုယ်တိုင်ဖြစ်စေ၊ စာ၊ အီးမေးလ်၊ ဖုန်းဖြင့် တိုင်ကြားလာသည့် စားသုံးသူတိုင်ကြားမှုများအပေါ် လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် အလွယ်တကူခေါ်ဆိုတိုင်ကြားနိုင်ရန် Consumer Call Center (၁၅၃၅)ကို ၂၀၂၁ ခုနှစ်မှ စတင်၍ နေပြည်တော်ရှိ စားသုံးသူရေးရာဦးစီးဌာန ရုံးချုပ်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ လိုင်းခွဲနံပါတ်များ တိုးချဲ့ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တိုင်ကြားလာသောအမှုများကို ဖြေရှင်းထားသည့်နည်းလမ်းများအား ကိုးကားနိုင်ရန်နှင့် လေ့လာဖတ်ရှုနိုင်ရန် ရည်ရွယ်၍ "စားသုံးသူတိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်ရာတွင် စံပြုဖွယ်ရာ အမှုများ" စာအုပ်ကို နှစ်အလိုက် ပြုစုထုတ်ဝေလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၁၅ ရက်အထိ စားသုံးသူတိုင်ကြားမှုစုစုပေါင်း ၃၃၂ မှု ရှိသည့်အနက် ကုန်စည်ဆိုင်ရာတိုင်ကြားမှု ၃၆ မှု၊ ဝန်ဆောင်မှုဆိုင်ရာတိုင်ကြားမှု ၂၉၆ မှုရှိပြီး ဝန်ဆောင်မှုဆိုင်ရာတိုင်ကြားမှုများအနက် ဆယ်သွယ်ရေး၊ ငွေရေးကြေးရေးနှင့်အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့် သက်ဆိုင်သည့် တိုင်ကြားမှုများ အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။



ထို့နောက် ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ကော်မရှင်ကအဆုံးအဖြတ်ပေးရမည့်လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**ဘားအံ ဇန်နဝါရီ ၆**

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ စုပေါင်း၍ စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသက်ကို ပဓာနမထားဘဲ တာဝန်များ ထမ်းဆောင်နေကြသည့် တပ်မတော်သားနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းဖြင့် အားပေးကူညီပေးခြင်းဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းရှင်း၍ တိုက်ပွဲတိုင်း အောင်မြင်နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး လှူဒါန်းကြသည့် ဌာနဆိုင်ရာ






ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စားသောက်ဖွယ်ရာများကြော်လှော် ချက်ပြုတ်ပေးကြသည့် ပြည်နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများအား ငွေကျပ် ၁၁ သိန်း ချီးမြှင့်ပေးအပ်သည်။

**ဆင္မမအကြိမ်ပေးအပ်**

ယနေ့တွင် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ကော်ဖီမစ်၊ မြေပဲဆားလှော်၊ ကြံသကာ အစရှိသော စားသောက်ကုန်ပစ္စည်း ၁၁ မျိုး ပါဝင်သည့် အထုပ်ပေါင်း ၇၅၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဆင္မမအကြိမ်အဖြစ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နမ့်စန်မြို့၌ လေးခရိုင် အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၅ ခုနှစ် လေးခရိုင်အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် လွိုင်လင်အသင်းနှင့် ပင်လုံအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဖေဖော်ဝါရီ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



လေးခရိုင် အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အဖွင့်အမှာစကား ပြောကြားစဉ်။

# အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍အဆိုပါ မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ဝင်ရောက်ကာ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

## ဆုတ်ခွာထွက်ပြေး

ထိုသို့ လုပ်ဆောင်နေမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများသည် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ကြရသည်။

## ဝိုင်းဝန်းကူညီဆောင်ရွက်

ယခုအခါ တပ်မတော်၏ နယ်မြေ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် နယ်မြေဒေသ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ်အတွင်းရှိ လမ်းဘေးဝဲ/ယာ နေရာများနှင့် လုဒ်မယ်တော်ကျောင်း( မယ်တော်ဂူ) နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဖယ်ခုံမြို့နယ်အတွင်းရှိ သံဃာတော်များအတွက် အခြေခံစားကုန်များနှင့် ဝတ္ထုငွေများ ကပ်လှူစဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လုဒ်မယ်တော်ကျောင်း (မယ်တော်ဂူ) အတွက် အလှူငွေများပေးအပ်ပြီး အဆိုပါမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား နတ်တောဘုန်းတော်ကြီးကျောင်းတွင် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများအား ဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်အတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး လုဒ်မယ်တော်ကျောင်း (မယ်တော်ဂူ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်စဉ်။



KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဖယ်ခုံမြို့အတွင်းရှိ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် ပျက်စီးမှုများကို မြင်တွေ့ရစဉ်။

# အင်္ဂပူမြို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**အင်္ဂပူ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်ပညာရေးမှူး ဦးမြင့်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ထို့နောက် လူမှုရေးရာဝန်ကြီးက ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ကရင်ဒုံးယိမ်းအကအဖွဲ့နှင့် ဝါးညှပ်အကအဖွဲ့စသည့် ကူညီအားဖြည့်ကြသည့် အကအဖွဲ့တို့အား ဂုဏ်ပြုငွေများချီးမြှင့်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်ပြပွဲ၊ လုပသာယာပြည်မြန်မာ ဓာတ်ပုံပြခန်းနှင့် ဖွံ့ဖြိုးဝေစည်ဧရာဝတီပြိုင်ပွဲဝင် ဓာတ်ပုံပြခန်း၊ အခြေခံပညာဦးစီးဌာနမှ သင်ထောက်ကူပြခန်း၊ ထူးကြီး ကြီးပွားရေးစာကြည့်တိုက်ပြခန်း၊ ကြက်ခြေနီပြခန်းများနှင့် ပန်းချီပြခန်း၊ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ခါးကွင်းလှည့်ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း ငွေရွှေဝါခန်းမ၌ ပြုလုပ်ရာ လူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။



ဆက်လက်၍ စာစီစာကုံး၊ ကဗျာရွတ်၊ ပန်းချီ၊ ပုံပြင်ပြော၊ စကားရည်လု၊ ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား လူမှုရေးရာဝန်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အင်္ဂပူ(ပြန်/ဆက်)**

# အခြေခံစားသုံးကုန်နှင့် အသား/ ငါး/ဥ / ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ



**ပဲခူး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများနှင့် အငြိမ်းစားဝန်ထမ်း အိမ်ရာများ၌ အပတ်စဉ် အခြေခံစားသုံးကုန်နှင့် အသား/ ငါး/ ဥ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရှင်စောပုဝန်ထမ်းအိမ်ရာသို့ ရောက်ရှိရာ ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို လက်လီအဆင့်ဆင့်မရှိဘဲ တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချနေမှု၊ နိုင်ငံ့ဝန်ထမ်းများမှ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းအိမ်ရာများတွင်သာမက အခြေခံစားသုံးကုန်များအား ရပ်ကွက်များအတွင်းသို့လည်း Mobile Shop များဖြင့် ရောင်းချပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရင့်နောင်ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့အား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံစားသုံးကုန်များနှင့် အသား/ငါး/ဥ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း မရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ဝက်သား၊ ကြက်သား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင်လည်း ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များ၌ အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥတို့အား ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်မှ စတင်၍ နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်မြို့၌ ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်

**မြိတ် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြိတ်မြို့ Regent Hotel ၌ ပြုလုပ်သည့် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို တက်ရောက်ကြည့်ရှုအားပေးသည်။



အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့များက ငလျင်လှုပ်ခတ်ပြီး ဟိုတယ်အတွင်း သတိပေးခြင်း၊ မီးလောင်မှုအား အချက်ပေးခြင်း၊ တည်းခိုနေထိုင်သူများ သတ်မှတ်လမ်းကြောင်းအတိုင်း ဘေးလွတ်ရာသို့ ထွက်ခွာခြင်း၊ Fire Point နေရာအား မီးငြိမ်းသတ်ခြင်း၊ ပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ ပို့ဆောင်ခြင်း၊ ကျန်ရှိ/ ပျောက်ဆုံးသူများ ရှိ/မရှိကို စာရင်းကောက်ယူစိစစ်ဆောင်ရွက်ခြင်း စသည်တို့ကို အချိန်တိုအတွင်း အလျင်အမြန် ပြီးစီးရန် သရုပ်ပြလေ့ကျင့်သည်။

သရုပ်ပြ လေ့ကျင့်ရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘေးအန္တရာယ်များစွာထဲမှ ငလျင်ဘေးအန္တရာယ်သည် အချိန်မရွေး လှုပ်ခတ်နိုင်သည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ “ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်” ဆိုသည့် စကားအတိုင်း ကြိုတင်ကာကွယ်မှုများကို စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ အကြောင်းကို ကြိုတင်လေ့လာခြင်း၊ ပြင်ဆင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန် တစ်ဦးတစ်ယောက်ချင်း အသိပညာများ ပြည့်ဝပြီး အားလုံးပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး သရုပ်ပြလေ့ကျင့်မှုကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် သရုပ်ပြလေ့ကျင့်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကကြည့်ရှုအားပေးသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ သစ်လွင်သူနာပြုများအား လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်လှစ်ပို့ချ

**ပုသိမ် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ သစ်လွင်သူနာပြုများအား လုပ်ငန်းခွင်အကြို သင်တန်းဖွင့်လှစ်ပို့ချခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် တာဝန်ရှိသူများ၊ သစ်လွင်သူနာပြု သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက “ သင်တန်းမှ ပို့ချချက်များကို အမြဲလေ့ကျင့်သင်ယူနေကြမည်ဖြစ်ကြောင်း၊ သင်တန်းမှပို့ချချက်များအား ပွင့်ပွင့်လင်းလင်းမေးမြန်းကြရန်လိုကြောင်း၊ မိမိတို့အချင်းချင်းလည်း ဆိုးတိုင်ပင် ကောင်းတိုင်ပင် ကူညီရိုင်းပင်းကြရန်လည်း လိုအပ်ပါကြောင်း” ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အင်္ဂပူမြို့နယ်၌ မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းဖွင့်လှစ်

**အင်္ဂပူ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ပြုလုပ်သည့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမိုးကျော်က သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယမီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ပြီး သင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသား ၃၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့ ပြည်သူ့ဈေး၌ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်


**ကျိုက်ထို ဇန်နဝါရီ ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပဒုမ္မာလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ အရေးပေါ်မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ကျိုက်ထိုမြို့ စည်ပင်သာယာရေး အဖွဲ့ပိုင် ပြည်သူ့ဈေး၌ ကျင်းပသည်။




အဆိုပါ သရုပ်ပြပွဲ၌ အသင့်ထားရှိသော အပေါ့စား မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးဝေယံအောင် ဦးဆောင်သော မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် တစ်စီး၊ ပဒုမ္မာလူမှုကူညီရေးအသင်းမှ အရေးပေါ်ကယ်ဆယ်ရေး ယာဉ်တစ်စီးတို့ဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝဏ္ဏအောင်နှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ ပူးပေါင်းကာ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကယ်ဆယ်ရေးကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

## မြန်မာနိုင်ငံသား ၁၁ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန်စီစဉ်သူများအား အရေးယူဆောင်ရွက်မှုအခြေပြဇယား




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ် ဝင်/ထွက်တံဆိပ်တုံးအတုများ





မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သည့်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ။



မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများ။




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ် ဝင်/ထွက် တံဆိပ်တုံးအတုများဖြင့် ရိုက်နှိပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

❂ *ကျောဖုံးမှ*

၃၇ လမ်း (အထက်) ဒုတိယထပ် အမှတ်(၂၂၀)ရှိ One Asia အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေးဂျင်း ဒါရိုက်တာ နွယ်နီလှိုင်မင်း၊ ဒါရိုက်တာ ခင်မောင်ရွှေ(ခေါ်) ဗလတို့က တစ်ဦးလျှင် ဝန်ဆောင်ခ ငွေကျပ်သိန်း ၈၀ စီ ရယူ၍လည်းကောင်း၊ မောင်ကျော်မင်းထွန်း ပါနှစ်ဦးအား ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့်၊ Central Tower တတိယထပ် အခန်း (၃၀၂) ရှိ လျှမ်းထက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေးဂျင်း ဒါရိုက်တာ စုမြတ်(ခေါ်) စုမြတ်နန္ဒာဝင်းက တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀ စီ ရယူ၍လည်းကောင်း မြန်မာနိုင်ငံကူးလက်မှတ်အတုများ ပြုလုပ်ပေးကာ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ပို့ဆောင်၍ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တရားမဝင် လမ်းကြောင်းများမှ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ကြောင်း သိရှိရသဖြင့် မြဝတီမြို့မ ရဲစခန်းက နွယ်နီလှိုင်မင်း၊ ဗလနှင့် စုမြတ်တို့ကို ဥပဒေအရ အမှုဖွင့်လှစ်အရေးယူခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ One Asia အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ နွယ်နီလှိုင်မင်း၊ ဗလ၊ လျှမ်းထက်ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းမှ ဝဏ္ဏဖော် (ခေါ်) ကိုပေါက်၊ နိုင်ငံကူးလက်မှတ်အတု ပြုလုပ်သူများဖြစ်သည့် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် စေတနာသုခလမ်း အမှတ်(၇၂/ ၃ လွှာ-စီ)နေ ညီမင်း၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၉)လမ်း၊ အမှတ်(၁၁/ ၅ လွှာ-ယာ)နေ ဂျွန်ကိုကို (ခေါ်) ဂျွန်ကိုနှင့် ၎င်း၏ဖခင်ဖြစ်သူ ထွန်းရီ၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများကို ဂျွန်ကိုကိုထံ အပ်နှံပြုလုပ်၍ အလုပ်သမားများကို မလေးရှားနိုင်ငံသို့ တရားမဝင် ပို့ဆောင်ပေးသူများ ဖြစ်သည့် ပန်းဘဲတန်းမြို့နယ် အမှတ်(၈) ရပ်ကွက် လမ်း(၃၀/အထက်) အမှတ်(၂၀၀)နေ စန်းဝင်း(ခေါ်) ရဖီးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဗထူးလမ်းသွယ်ထောင့် အမှတ်(၁)နေ သန့်ဇင်ဦးတို့ ရှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ နွယ်နီလှိုင်မင်း၊ ဗလ၊ စုမြတ်၊ စန်းဝင်း နှင့် သန့်ဇင်ဦးတို့သည် မလေးရှားနိုင်ငံရောက် ကျော်စွာဆိုသူက မြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ စေလွှတ်ပေးရန် အလုပ်အပ်နှံမှု အပါအဝင် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကိုစုဆောင်း၍ အခကြေးငွေကျပ်သိန်း ၈၀ ရယူပြီး ကျော်စွာအား ငွေကျပ် ၁၇ သိန်း၊ ဇော်လင်းပိုင်နှင့် မျိုးလေး (ခေါ်) ဖာရွတ်တို့အား ထိုင်းဘတ်ငွေ ၂၀၀၀၀ (မြန်မာငွေကျပ် ၂၄ သိန်း)စီ၊ အထွေထွေကုန်ကျစရိတ် ငွေကျပ်နှစ်သိန်း ကုန်ကျခဲ့ရာ နွယ်နီလှိုင်မင်းနှင့် ဗလတို့က ငွေကျပ် ၁၃ သိန်း အကျိုးအမြတ်ရယူ၍ မလေးရှားနိုင်ငံနေ မျိုးလေး၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အတု ပြုလုပ်သူ ဂျွန်ကိုကိုထံ အပ်နှံအတုပြုလုပ်၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်မှ အချက်အလက်များကို ပြုပြင်အတု ပြုလုပ်သူ ညီမင်းထံ အပ်နှံပြုပြင်၍ လည်းကောင်း မြန်မာနိုင်ငံကူးလက်မှတ် အတုများပြုလုပ်ကာ အလုပ်သမားများကို ရန်ကုန်မြို့သို့ ခေါ်ယူစုစည်း၍ ရန်ကုန်မြို့မှ ခရီးသည်တင်ယာဉ်ဖြင့် မြဝတီမြို့သို့ ပို့ဆောင်ပေးကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့သို့ ရောက်ရှိပါက ထိုင်းနိုင်ငံ ဘန်ကောက်မြို့နေ ဇော်လင်းပိုင်ဆိုသူ၏ ကိုယ်စားလှယ်ဖြစ်သူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘိုရပ်နေ သက်နန္ဒာဝင်းက အမှတ်(၁)မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားမှ ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်(TBP) ဖြင့်လည်းကောင်း၊ တရားမဝင် လမ်းကြောင်းများမှ လည်းကောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ပို့ဆောင်ကြောင်း၊ မဲဆောက်မြို့သို့ရောက်ရှိပါက ဇော်လင်းပိုင်က ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်(ဘတ်ကတ်)အတုများ ထုတ်ပေးကာ မဲဆောက်မြို့မှ ဘန်ကောက်မြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ကြောင်း၊ ဘန်ကောက်မြို့သို့ ရောက်ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်အတုဖြင့် ထိုင်းနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်ဝယ်ယူ၍ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နရာသီဝမြို့သို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးကြောင်း၊ နရာသီဝမြို့သို့ရောက်ရှိပါက မျိုးလေး၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံနယ်စပ် ကလန်တန်းမြို့သို့ တရားမဝင် ရေလမ်းကြောင်းမှ လှေဖြင့် လည်းကောင်း၊ ကလန်တန်းမြို့မှ

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ တရားမဝင်ကုန်းလမ်းကြောင်းမှ မော်တော်ယာဉ်ဖြင့်လည်းကောင်း ပို့ဆောင်ကြောင်း၊ ထို့နောက် မလေးရှားနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်းများဖြင့် မလေးရှားနိုင်ငံအတွင်း မြန်မာနိုင်ငံကူး လက်မှတ်အတုများ ကိုင်ဆောင်သွားလာ အလုပ်လုပ်ကိုင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေအရ အရေးယူ ဆောင်ရွက်ထားရှိကြောင်း၊ ဂျွန်ကိုကိုအနေဖြင့် ဗလနှင့်စုမြတ်တို့အပါ ၁၄ ဦးတို့ အပ်နှံသည့် နိုင်ငံကူးလက်မှတ်အတု ၇၃၄ အုပ်အား အတုပြုလုပ်ပေးခဲ့ကြောင်းနှင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသည့် ကျန်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## MFF ဖူဆယ်လိဂ် – ၂ ပြိုင်ပွဲ ပွဲစဉ် (၃) တွင် Pacific Sun Far အသင်းနှင့် JZ Yangon အသင်း သုံးပွဲဆက်နိုင်ပွဲရမည့်အခွင့်အရေးမယူနိုင်

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၂၄–၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်–၂ ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Pacific Sun Far အသင်းနှင့် JZ Yangon အသင်း သုံးပွဲဆက်နိုင်ပွဲ ရယူနိုင်မည့်အခွင့်အရေး လက်လွတ်ခဲ့ရသည်။ ပွဲစဉ် (၃) တွင် 7 Dragon အသင်းက လက်ဝဲသုန္ဒရအသင်းကို သုံးဂိုး–တစ်ဂိုး၊ TG United အသင်းက 7 Brother အသင်းကို



ငါးဂိုး–နှစ်ဂိုး၊ ရွှေပြည်သာယူနိုက်တက်အသင်းက JZ Yangon အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရပြီး Pacific Sun Far အသင်းနှင့် Gold Dream အသင်းက တစ်ဂိုးစီသရေ၊ Black Cross အသင်းနှင့် YCDC Marga Youth အသင်းတို့က နှစ်ဂိုးစီသရေ၊ KKY အသင်းနှင့် Maryar အသင်းတို့က လေးဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၃) အပြီးတွင် Pacific Sun Far အသင်းက ခုနစ်မှတ်၊ TG United အသင်းနှင့် JZ Yangon အသင်းတို့က ခြောက်မှတ်စီ၊ KKY အသင်းနှင့် Gold Dream အသင်းတို့က ငါးမှတ်စီ၊ 7 Brother အသင်း၊ လက်ဝဲသုန္ဒရအသင်း၊ 7 Dragon အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က သုံးမှတ်စီ၊ YCDC Marga Youth အသင်း၊ Maryar အသင်းနှင့် Black Cross အသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

❒ *ကျောဖုံးမှ*

အုပ်စုပထမနှင့် ဒုတိယပွဲများကို ဩဂုတ်နှင့် စက်တင်ဘာတွင် ကျင်းပပြီးနောက် သုံးလကြာ ရပ်နားခဲ့ပြီး လက်ကျန်ပွဲများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ နှစ်သင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ နှစ်ပွဲရှုံးထားသည့် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် လက်ကျန်သုံးပွဲတွင် နိုင်ပွဲရယူနိုင်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်တိုက် အဝေးကွင်း ကစားထားရပြီး ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းတို့ကို အရေးနိမ့်ထားသည်။

ဇန်နဝါရီ ၈ ရက်တွင် အုပ်စု (A) တတိယနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် တီရန်ဂါနူးအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းနှင့် အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ဇန်နဝါရီ ၉ ရက်တွင် အုပ်စု (B) တတိယနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ၌ ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် ဗီယက်နမ်ကလပ် ဟန်ွိုင်းအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် စင်ကာပူကလပ် Lion City Sailors အသင်းနှင့် မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းကလပ် ဘူရီရမ်ယူနိုက်တက်အသင်းနှင့် အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (A) တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်း၊ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းတို့က လေးမှတ်စီ၊ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းက သုံးမှတ်၊ မလေးရှားကလပ် တီရန်ဂါနူးအသင်းက တစ်မှတ်၊ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက အမှတ်မရသေး၊ အုပ်စု (B) တွင် ဗီယက်နမ်ကလပ် ဟန်ွိုင်းအသင်းနှင့် မလေးရှားကလပ် ကွာလာလမ်ပူစီးတီးအသင်းတို့က ခြောက်မှတ်စီ၊ ထိုင်းကလပ်ဘူရီရမ်ယူနိုက်တက်အသင်းနှင့် အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းတို့က သုံးမှတ်စီ၊ ဖိလစ်ပိုင်ကလပ် ကာယာအသင်းနှင့် စင်ကာပူကလပ် Lion City Sailors အသင်းတို့က အမှတ်မရသေးပေ။

**ရဲရင့်လွင်**

## တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအစပ်ရှိ တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိပြီး ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ခေါ်ဆောင်လျက်ရှိပြီး ဥပဒေမဲ့ဖမ်းဆီးခြင်းများ မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဥပဒေမဲ့ဖမ်းဆီးပြီး လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ သတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုစိုးရိမ်ပူပန်မှုမြင့်တက်စေရန်အတွက် လုပ်ကြံရေးသားကာ ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






❖ *ကျောဖုံးမှ*

နှစ်သင်းစလုံး နိုင်ပွဲရရေး ဦးတည်လာသည့်အတွက် ပွဲစသည်နှင့် တစ်ပြိုင်နက် အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ လီဗာပူးအသင်း အဓိကတိုက်စစ်ကစားသမားဆာလာသည် ပယ်နယ်တီမှတစ်ဆင့် သွင်းဂိုးရယူနိုင်ခဲ့သောကြောင့် သီယာရီ ဟင်နရီ၏ ပရီမီယာလိဂ်သွင်းဂိုး ၁၇၅ ဂိုးကို လိုက်မီခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်မှုကို ချေဖျက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် လာမည့်ပွဲစဉ်တွင် အသင်းကြီး အာဆင်နယ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ လီဗာပူးအသင်းက ယခုပွဲစဉ် သရေကျခဲ့သော်လည်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဂတ်ပိုနှင့် ဆာလာတို့က သွင်းယူပေးပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို မာတီနက်ဇ်နှင့် အာမက်တို့က သွင်းယူပေးခဲ့သည်။

အစောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် ဖူလ်ဟမ်နှင့် အစ်ဆွစ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ အစ်ဆွစ်အသင်းသည် ယခုပွဲစဉ်တွင် သရေကျခဲ့သောကြောင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေပြီး လာမည့်ပွဲစဉ်များတွင် မဖြစ်မနေရလဒ်ကောင်းရရှိရေး ကြိုးပမ်းရတော့မည်ဖြစ်သည်။

**အောင်ဇော်**

## လွိုင်လင်မြို့နယ်အတွင်း ဒုတိယအကြိမ် ဘိန်းခင်း ၅၆၃ ဧက ဖျက်ဆီး

**လွိုင်လင် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်ဦး ဦးစီးသောပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ အနောက်ဘက်တောင်ကုန်း တောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲဘိန်းခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၅၆၃ ဧက ကို ဖျက်ဆီးခဲ့ကြောင်းနှင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**၁၅၁**



## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရ

**(၆-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၉-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၆၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ရေစကြိုမြို့နယ်၌ မတ်ပဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်ပြီး ဈေးကောင်းရရှိက အကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပြောင်းဖူးစသည့် သီးနှံများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံကိုလည်း ချင်းတွင်းမြစ်ရေကျချိန်တွင် အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မတ်ပဲသီးနှံကို ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်းကာ ဇန်နဝါရီလတွင် လှိုင်လှိုင် ထွက်ပေါ်လျက်ရှိကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းခြွေလှေ့ခ၊ လုပ်သားခအပါအဝင် မတ်ပဲတစ်ကေလျှင် ငွေကျပ် ၈-၉ သိန်းခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် မတ်ပဲတစ်ကေလျှင် အထွက်နှုန်း ၂၀-၂၃ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင် မတ်ပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပြီး အကျိုးအမြတ် ရရှိသောကြောင့် နွေမတ်ပဲသီးနှံများကိုလည်း ဖေဖော်ဝါရီလတွင် ပြန်လည်စိုက်ပျိုးမည်ဖြစ်ကြောင်း မတ်ပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



DOCA(မကွေး)

## ပြင်ဦးလွင်မြို့နယ်၌ ကော်ဖီသီးနှံများ ထွက်ပေါ်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကော်ဖီသီးနှံ စိုက်ပျိုးမှုအနေဖြင့် စိုက်ကေ ၁၀၃၇၈ ကေရှိကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကော်ဖီသီးနှံကို မေ၊ ဇွန်နှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ၃-၄ နှစ်ခန့်အကြာတွင် ကော်ဖီသီးများ စတင်သီး၍ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အသီးများ ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ကြားတန်းကြား လေးပေအကွာအဝေးဖြင့် စိုက်ပျိုးရပြီး တစ်ကေလျှင်ကော်ဖီအပင်ရေ ၁၃၆၀ ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီသီးနှံစိုက်ပျိုးရာတွင် ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီဟူ၍ ခွဲခြားစိုက်ပျိုးကြကြောင်း၊ ကုန်းမြင့်ကော်ဖီမှာ ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် စိုက်ပျိုးဖြစ်ထွန်းပြီး မြေနိမ့်ကော်ဖီမှာ ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၂၀၀၀ တွင်သာ စိုက်ပျိုးနိုင်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်သည် ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် တည်ရှိသောကြောင့် ကုန်းမြင့်ကော်ဖီဖြစ်သော အာရေးဗီးကားကော်ဖီမျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း တစ်ကေလျှင် ပိဿာချိန် ၁၅၀ ခန့်ထွက်ရှိပြီး တောင်ကြီး၊ ရွှာင်၊ ကလော၊ ပြင်ဦးလွင်မြို့များရှိ ပွဲစားများက စိုက်ခင်းအရောက်လာရောက်ဝယ်ယူ၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (မန္တလေး)





## ကျောက်ဆည်မြို့နယ်၌ ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ငရုတ်စသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုလားပဲ(ဆောင်း)သီးနှံကိုလည်း စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၃၀၀၉၈ ကေ၊ စဉ့်ကိုင်မြို့နယ်တွင် ၉,၅၁၇ ကေ၊ မြစ်သားမြို့ နယ်တွင် ကေ ၂၁၃၆၀ စုစုပေါင်းစိုက်ကေ ၆၀၉၇၅ ကေစိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲ(ဆောင်း)သီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် အများဆုံးစိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးမှုနှင့် သီးထပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ ကုလားပဲ(V2)မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုးများကို စိုက်ပျိုးကြပြီး ကုလားပဲ(V2)မျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ကေလျှင် မျိုးစေ့တစ်တင်းခွဲခန့်နှင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် ကုလားပဲသီးနှံစိုက်ခင်းများမှာ အသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကုလားပဲသီးနှံများထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

DOCA (မန္တလေး)

## ၆-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၉၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၄၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၈၀၀၀ | ၄၈၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၃၃၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၄၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၃၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၄၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၈၀၀ | ၈၁၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၂၀၀ | ၃၆၀၀ | ၁၅၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၈၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၂၀၀၀ | ၂၆၅၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၄၀၀ | ၄၀၀၀ | ၁၅၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၂၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၅၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာ ဂါဇာပြည်သူများအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဟုဆို

ဂါဇာ ဇန်နဝါရီ ၆

**အကူအညီလိုအပ်နေသော ပြည်သူများအား ပံ့ပိုးပေးနိုင်ရေး ဂါဇာကမ်းမြောင်သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက အစ္စရေးနှင့် ဟားမားစ်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အမြန်ဆုံးရရှိရေး တိုက်တွန်းလိုက်သည်။**

ယခုလတ်တလောတွင် အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့တို့သည် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ဒီဇင်ဘာလကတည်းက ဂါဇာကမ်းမြောင်သို့ ရောက်ရှိနေသော ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့်လုပ်ငန်းအေဂျင်စီ (ယူအင်န်အာရ်ဒဗလျူအေ) ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဆေးတာ အကီဟီကိုသည် ဇန်နဝါရီ ၅ ရက်တွင် အွန်လိုင်းမှတစ်ဆင့် အင်န်အိတ်ချ်ကေသတင်းဌာနနှင့် ဆက်သွယ်ပြောကြားခဲ့ကြောင်း သိရသည်။

နေထိုင်ရေးအခြေအနေ ပိုမိုဆိုးရွားလာပြီး စားရေရိက္ခာပြတ်လပ်နေချိန်၌ ဂါဇာကမ်းမြောင်မှာ ဆောင်းရာသီကို ဝင်ရောက်လာပြီဟု ၎င်းက ပြောသည်။ ထို့အပြင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည်သာလျှင် ဂါဇာကမ်းမြောင်ရှိ ပြည်သူများအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းမှ ယူအင်န်အာရ်ဒဗလျူအေအား တားမြစ်ပိတ်ပင်သောဥပဒေကို မကျင့်သုံးရေး ဆေးတာ အကီဟီကိုက အစ္စရေးကို တောင်းဆိုထားသည်။ အစ္စရေးသည် အဆိုပါဥပဒေကို ဇန်နဝါရီလနှောင်းပိုင်းတွင် ကျင့်သုံးသွားရန် စီစဉ်ထားသည်။

ပဋိပက္ခဖြစ်ပွားချိန်မှစတင်ကာ ဂါဇာကမ်းမြောင်တွင် သေဆုံးသူပေါင်း ၄၅၈၀၅ ဦးရှိကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဂါဇာကမ်းမြောင်ရှိ ပြည်သူများအား စားရေရိက္ခာများ ဖြန့်ဖြူးပေးနေမှုကို တွေ့ရစဉ်။

# ငါးလအတွင်း နီပေါနိုင်ငံ၌ တိရစ္ဆာန်တိုက်ခိုက်မှုကြောင့် ၈၃ ဦးသေဆုံး

**ခတ္တမန္ဒူ ဇန်နဝါရီ ၆**

နီပေါနိုင်ငံ၌ ငါးလအတွင်း တောရိုင်းတိရစ္ဆာန် တိုက်ခိုက်ခံရမှုကြောင့် စုစုပေါင်း ၈၃ ဦးသေဆုံးပြီး ၅၉၉ ဦးဒဏ်ရာရရှိကြောင်း နီပေါရဲတပ်ဖွဲ့က ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လလယ်မှ ဒီဇင်ဘာလလယ်အတွင်း မြွေကိုက်ခံရမှုကြောင့် သေဆုံးသူ ၇၀ ရှိပြီး ၅၃၂ ဦး ဒဏ်ရာရရှိကြောင်း နီပေါရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။



ဆင် တိုက်ခိုက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိကာ ကြံ့တိုက်ခိုက်မှုကြောင့် သေဆုံးသူ လေးဦးရှိပြီး ၁၄ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ထို့ပြင် ကျားတိုက်ခိုက်မှုကြောင့် သေဆုံးသူ သုံးဦးရှိပြီး ၂၄ ဦး ဒဏ်ရာရရှိကြောင်းနှင့် ဝက်ဝံတိုက်ခိုက်မှုကြောင့် ၁၅ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာရေတပ်က ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၆ သန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကိုလံဘို ဇန်နဝါရီ ၆**

သီရိလင်္ကာရေတပ်က ၂၀၂၄ ခုနှစ်အတွင်း စစ်ဆင်ရေးပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါး ၂၈ ဒသမ ၁ ဘီလီယံရူပီး (အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၈ သန်းခန့်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း ဇန်နဝါရီ ၆ ရက်တွင် ကြေညာထားသည်။

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအနက် ဘိန်းဖြူ ၆၂၂ ကီလိုဂရမ်နှင့် အိုက်စ် ၁၂၁၁ ကီလိုဂရမ်ကျော် သိမ်းဆည်းရမိကြောင်း ရေတပ်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။ ထို့ပြင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသည်ဟု သံသယရှိသူ ၂၃၀ ဖမ်းဆီးရမိကာ ဥပဒေအရ အရေးယူထားကြောင်းနှင့် ဒေသတွင်းငါးဖမ်းရေယာဉ် ၂၁ စင်းကိုလည်း သိမ်းဆည်းရမိကြောင်း သိရသည်။

သီရိလင်္ကာရေတပ်က ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှောင်ခိုကူးသူ၊ တရားမဝင်သွင်းကုန်ပို့ကုန်နှင့် လူမှောင်ခိုကူးမှုတို့တွင် ပါဝင်သူများ ကဲ့သို့သော တရားမဝင် လုပ်ငန်းများတွင် ပါဝင်သည်ဟု သံသယရှိသူ ၄၀၇ ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။ တရားမဝင်လှုပ်ရှားမှုများကို ကြိုတင်ကာကွယ်တားဆီးရန် စစ်ဆင်ရေးများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေကြောင်း ရေတပ်က ပြောကြားသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတောင်ပိုင်း ကူးစက်မြန်ဗိုင်းရပ်စ် HMPV ဖြစ်ပွားသူ နှစ်ဦးတွေ့ရှိ

**နယူးဒေလီ ဇန်နဝါရီ ၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ဗိုင်းရပ်စ် Human Metapneumovirus (HMPV) ဖြစ်ပွားသူ နှစ်ဦး စစ်ဆေးတွေ့ရှိကြောင်း ဇန်နဝါရီ ၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ရောဂါဖြစ်ပွားသူနှစ်ဦးအနက် တစ်ဦးမှာ သုံးလအရွယ်အမျိုးသမီးကလေးငယ်ဖြစ်ပြီး တစ်ဦးမှာ ရှစ်လအရွယ် အမျိုးသားကလေးငယ်ဖြစ်ကြောင်း၊ ကူးစက်မြန်ရောဂါဖြစ်ပွားသူနှစ်ဦးစလုံးကို ပြည်နယ်၏ မြို့တော်ဘန်ဂါလူရူမြို့ရှိ ဘတ်တစ်ဆေးရုံ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသမီးကလေးငယ်သည် ဆေးရုံမှဆင်းခွင့်ရရှိသွားပြီဖြစ်ပြီး အမျိုးသားကလေးငယ်မှာ ဆေးဘက်ဆိုင်ရာ ကြီးကြပ်မှုအောက်တွင် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ HMPV ဗိုင်းရပ်စ်သည် အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်းနှင့် HMPV နှင့် ဆက်နွှယ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ နာမကျန်းမှုများကို နိုင်ငံအသီးသီး၌ အစီရင်ခံဖော်ပြထားကြောင်း သိရသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အဘွားအိုတစ်ဦး နိုင်ငံအတွင်း အသက်အကြီးဆုံးသူဖြစ်လာ

**တိုကျို ဇန်နဝါရီ ၆**

ယခင်ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးသူတစ်ဦး မကြာသေးမီက ကွယ်လွန်ခဲ့ပြီးနောက် ဂျပန်နိုင်ငံအလယ်ပိုင်း ဂျီဖုခရိုင်အတွင်း အသက် ၁၁၅ နှစ်ခန့်ရှိ အဘွားအိုတစ်ဦးဖြစ်သူ အိုကာဂီဟာရာရှိသည် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးလူတစ်ဦးဖြစ်လာကြောင်း အစိုးရက ဇန်နဝါရီ ၆ ရက်က ကြေညာလိုက်သည်။

ဟိုဂိုခရိုင် အာရှိရာဒေသရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် ဒီဇင်ဘာ ၂၉ ရက်က အသက် ၁၁၆ နှစ်ရှိ တိုမီကိုအီတူကာ ကွယ်လွန်ပြီးနောက် ၁၉၀၉ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်မွေးဖွားခဲ့သော ဟာရာရှိသည် နိုင်ငံအတွင်း အသက်အကြီးဆုံးသူဖြစ်လာကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ဆူဒန်မြို့တော် ခါတွန်တောင်ပိုင်းကို လေကြောင်းတိုက်ခိုက်၊ လူ ၁၀ ဦးသေဆုံး

**ခါတွန် ဇန်နဝါရီ ၆**

ဆူဒန်မြို့တော် ခါတွန်တောင်ပိုင်းဒေသကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့ပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း စေတနာရှင်အဖွဲ့တစ်ဖွဲ့နှင့် ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အယ်လ်ဆာရစ်ဒေသသည် တစ်လအတွင်း သုံးကြိမ်မြောက် လေကြောင်းတိုက်ခိုက်ခြင်းခံခဲ့ရကြောင်း၊ အဆိုပါဒေသသည် ပြည်သူများဖြင့် အမြဲစည်ကားလျက်ရှိကြောင်းနှင့် ဈေးနှင့် စားသောက်ဆိုင်အများအပြားရှိကြောင်း ခါတွန်တောင်ပိုင်း အရေးပေါ်အဖွဲ့က ပြောသည်။

လေကြောင်းတိုက်ခိုက်မှုတွင် ဒဏ်ရာရရှိခဲ့သူအများစုအား ဘာရှာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် အဆိုပါဆေးရုံသည် အခင်းဖြစ်ပွားရာနေရာနှင့် လေးကီလိုမီတာအကွာတွင် တည်ရှိကြောင်း ဆူဒန်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားပြီး အဆိုပါ တိုက်ခိုက်မှုအတွက် တာဝန်ခံမည့် အဖွဲ့မရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**



## ကျိုက်မရောမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော



**ကျိုက်မရော ဇန်နဝါရီ ၆**

မွန်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာဟောပြောပွဲကို ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသ်ာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က မွန်ပြည်နယ်နှင့် ကျိုက်မရောမြို့နယ်အတွင်း မီးခိုးမြူငွေ့လျှော့ချရေးနှင့် Fire Hot-spot ဖြစ်ပေါ်နေမှု အခြေအနေများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မော်လမြိုင်ခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးက မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးချက်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မော်လမြိုင်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက မီးလောင်ကျွမ်းမှု လျှော့ချနိုင်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး တက်ရောက် လာသူများမှသိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြား ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ ကျိုက်မရောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရှိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**ဝမ်းတွင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များက အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။ ထို့နောက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ မီတာ ၁၀၀ အပြေးကျား/မ၊ မီတာ ၁၀၀ အာလူးကောက်ကျား/မ၊ မီတာ ၁၀၀ အိတ်စွပ်ပြေး ကျား/မ၊ မီတာ ၁၀၀ ဆန်ကောရွက် ကျား/မ၊ သံပရာသီးဇွန်းကိုက် ကျား/မ ပြိုင်ပွဲများ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကျင်းပ

**ဓနုဖြူ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ပညာ့ဗိမာန်) ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော် တို့နွဲပျော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီးဦးလှငွေက ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ဆရာများနှင့် စိမ်းလန်းစိုပြည်ရေးကျောင်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ဆင်ပေါင်ဝဲမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မြို့မဈေးအတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။



မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းက မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများက လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ မြို့မဈေးအတွင်းရှိ ဆိုင်ခန်းများအပေါ်သို့ ရေများပက်ဖျန်းပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့များနှင့် ဈေးသူ ဈေးသားများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## သဃ်န်းကျွန်းမြို့နယ်၌ လူငယ်ယဉ်ကျေးမှုနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**သဃ်န်းကျွန်း ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် ပညာ့နေခြည်ခန်းမ၌ ကျောင်းသားကျောင်းသူ လူငယ်များအား ယဉ်ကျေးလိမ္မာသောလူငယ်များဖြစ်လာစေရေးနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေများ ပြန့်ပွားလာစေရေးတို့အတွက် လူငယ်ယဉ်ကျေးမှုနည်းပြ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာငြိမ်းသီအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဓမ္မရောင်ခြည်ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးလှမျိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁ ရက်မှစတင်၍ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၃၁ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ဓမ္မရောင်ခြည်ဓမ္မဒါန ဖောင်ဒေးရှင်းနည်းပြဆရာ ဆရာမများက ဗုဒ္ဓစာပေကျမ်းဂန်များလာ လူငယ်နှင့် ယဉ်ကျေးမှုအဆုံးအမများ၊ ယဉ်ကျေးလိမ္မာစွာ နေထိုင်ပြုမူ ပြောဆိုတတ်စေမည့် နည်းလမ်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သိန်းအောင်(ပြန်/ဆက်)**



## ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

**ကန်ကြီးထောင့် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက သဘာဝဘေးဖြစ်ပွားပေါ်ပေါက်လာလျှင် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက်ရည်ရွယ်၍ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ် ဦးစီးမှူးရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**

ဦးစွာ သင်တန်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေးဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်နည်းလမ်းများ၊ လိုအပ်သည့် ပစ္စည်းကိရိယာများကို တပ်ဆင်အသုံးပြုသည့်နည်းလမ်းများ အစရှိသည်တို့ကို ဆက်လက်သင်ကြားပို့ချရာ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပွင့်လင်းရာသီကာလ မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်

**ပေါက်ပေါက်**

မိုးအကုန် ပွင့်လင်းရာသီရောက်ချိန် တောမီးလောင်ခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်းတို့ကြောင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ ဖြစ်ပေါ်လေ့ရှိရာ ဒေသခံပြည်သူများအပေါ် ကျန်းမာရေးအန္တရာယ်များ ကျရောက်စေနိုင်သည်။ အဆိုပါ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များသည် တောင်ယာမီးရှို့ခြင်း၊ တောမီးရှို့ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ မီးခိုးမြူငွေ့တွင် အလွန်သေးငယ်သော အမှုန်အမွှား PM 2.5 နှင့် PM 10၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ အိုဇုန်း၊ ရေငွေ့နှင့် အခြားအဆိပ် အတောက် ဓာတ်ငွေ့များ ရောနှောပါဝင်နေသည်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များအစ အိမ်ထောင်စုများကဖြစ်ကြောင်း သတိရှိကြရပေမည်။ ရွက်ဟောင်းကြွေသည့် ပွင့်လင်းရာသီတွင် သစ်ရွက်ခြောက်များကို အလွယ်တကူ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လာကြသည်။ ထိုသို့ သစ်ရွက်ခြောက်များကို မီးရှို့ခြင်းမှ ထွက်ပေါ်လာသော မီးခိုးညှော်နံ့များက ဆောင်းလေဆော်သွေးခြင်းနှင့်အတူ လေသင့်ရာရွေ့မျောလျက်ရှိရာ ဝန်းကျင်တစ်ခွင်လုံး လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ များမကြာမီ ကာလတွင်လည်း နွေဦးရာသီ ရောက်ရှိလာတော့မည်ဖြစ်ရာ သဘာဝအလျောက် သစ်ပင်ကြီးငယ်တို့ ရိုးတံကျန်ရစ်သည်အထိ အရွက်ကြွေပေဦးမည်။ ထိုအခါ လူနေအိမ်ပတ်ဝန်းကျင်၌ သစ်ရွက်ခြောက်များကို မီးရှို့ခြင်းဖြစ်စဉ်များ ပိုများလာလေ မိမိတို့ ဝန်းကျင်၌ လေထုညစ်ညမ်းမှု မြင့်တက်လာလေဖြစ်သည်။

လူတချို့ကလည်း ခြံတွင်း၊ ခြံပြင် မီးရှို့သည့်အခါ အိမ်ရှိစွန့်ပစ်အမှိုက်တို့ကိုပါထည့်၍ မီးရှို့ဖျက်ဆီးတတ်ကြသဖြင့် အမှိုက်မီးရှို့ရာတွင် စွန့်ပစ်ပလတ်စတစ်များ၊ အဝတ်အထည်အဟောင်းအဆွေးများ ပါဝင်လာသဖြင့် မီးခိုးငွေ့များနှင့်အတူ ညှော်နံ့များပါ ထွက်ရှိလာသည်။ အမှန်စင်စစ် အမှိုက်စွန့်ပစ်ရာတွင် အမှိုက်အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ကာ စွန့်ပစ်တတ်ရန် အရေးကြီးသည်။ သို့သော် လူတော်တော်များများက အမှိုက်စွန့်ပစ်ရာတွင် သတ်မှတ်ထားသည့်နေရာသို့ စနစ်တကျစွန့်ပစ်ရန် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့က မေတ္တာရပ်ခံထားသော်လည်း လိုက်နာမှုလွန်စွာအားနည်းနေဆဲ ဖြစ်သည်။

### လေထုညစ်ညမ်းခြင်း အဆင့်ဆင့်

လေထုညစ်ညမ်းမှုသည် အထက်ဖော်ပြပါ သစ်ရွက်ခြောက်များနှင့် မိမိတို့အိမ်ရှိ စွန့်ပစ်ပစ္စည်းများကို မဆင်မခြင် မီးရှို့ခြင်းကြောင့်အပြင် စက်ရုံအလုပ်ရုံမှထွက်ရှိသော မီးခိုးငွေ့များ၊ ကျောက်မှုန့်အပါအဝင် အမှုန်အမွှားများ၊ ယာဉ်မောင်းနှင်ရာမှ ထွက်ရှိသော ကာဗွန်ဓာတ်ငွေ့များ၊ စက်ရုံများ၏ စွန့်ပစ်အမှိုက်ပုံမှ ထွက်ရှိသော မီသိန်းဓာတ်ငွေ့များ စသည်တို့ကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးဆိုင်ရာအသုံးပြုသည့် မီးစက်ကြီးများမှ ထွက်ရှိသော မီသိန်းဓာတ်ငွေ့များကလည်း လေထုကို ပိုမိုညစ်ညမ်းစေသည်။

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI) နိုင်ငံတကာ သတ်မှတ်ချက်အရ –

ညွှန်းကိန်း သုည မှ ၅၀ အထိသည် ကောင်းမွန်သည့် အဆင့်၊ ၅၁ မှ ၁၀၀ သည် လက်ခံနိုင်သည့်အဆင့် (အဝါရောင်)၊ ၁၀၁ မှ ၁၅၀ အထိ ကိုယ်ခံအားနည်းသူများ၊ အဆုတ်ရောင်ရောဂါရှိသူများ၊ ကလေးနှင့်သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နိုင်သည့်အဆင့် (လိမ္မော်ရောင်)၊ ၁၅၁ မှ ၂၀၀ အထိ လူတိုင်းထိခိုက်နိုင်သည့်အဆင့် (အနီရောင်)၊ ၂၀၁ မှ ၃၀၀ အထိ အလွန်ဆိုးရွားသည့်အဆင့် (ခရမ်းရောင်) နှင့် ၃၀၁ မှ ၅၀၀ အထိ ဘေးအန္တရာယ်ကျရောက်သည့်အဆင့် (နီညိုရောင်)ဟူ၍ သတ်မှတ်ထားသည်။

မော်တော်ယာဉ်များတွင် ဓာတ်ဆီတစ်လီတာ အသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၂ ဒသမ ၃၂၂ ကီလိုဂရမ်ထွက်ရှိသည်။ ဒီဇယ်တစ်လီတာအသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၂ ဒသမ ၆၅ ကီလိုဂရမ် ထွက်ရှိသည်။ LPG တစ်လီတာအသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁ ဒသမ ၄၉၂ ကီလိုဂရမ် ထွက်ရှိသည်။ CNG တစ်ကီလိုဂရမ် အသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ သုည ဒသမ ၀၅၄၄ ကီလိုဂရမ် ထွက်ရှိသည်။ မော်တော်ယာဉ်များတွင် CNG အသုံးပြုပါက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိနှုန်း နည်းပါးသည်။



နယ်စပ်ဖြတ်ကျော် မီးခိုးမြူများဖုံးလွှမ်းမှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို ၂၀၂၃ ခုနှစ် ဧပြီ ၈ ရက်က တွေ့ရစဉ်။

### လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်

ကမ္ဘာ့လူသားအားလုံး၏ ၉၂ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသောလေကို ရှူခွင့်မရကြဟု ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(ယူအင်န်အီးပီ) ကဆိုသည်။ ညစ်ညမ်းသောလေကို ရှူရှိုက်နေကြရခြင်းကြောင့် အကြမ်းဖျင်းအားဖြင့် နှစ်စဉ်လူခုနစ်သန်းခန့် အချိန်မတိုင်မီ သေဆုံးနေကြရာ အသက်ငါးနှစ်အောက် ကလေးများသေဆုံးမှုက ပိုမိုများပြားကြောင်းနှင့် ၎င်းတို့အနက် ၃ ဒသမ ၈ သန်းသော သေဆုံးသူများမှာ မီးဖိုမှထွက်လာသော မီးခိုးငွေ့ကြောင့်ဖြစ်သည်။ လေထုထဲတွင် မီးခိုးမြူငွေ့များနှင့် ပြာမှုန်များ ဖုံးလွှမ်းနေမှု အချိန်ကြာမြင့်စွာ ဖြစ်ပေါ်နေပါက မျက်စိစပ်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်ခြင်းတို့ အပါအဝင် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဆိုးဆိုးရွားရွား ဖြစ်ပွားစေနိုင်သည်။

ကမ္ဘာ့လူဦးရေ ထူထပ်သော နေရာများ၏ ၉၁ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်ထားသော လေထုညစ်ညမ်းမှု စံညွှန်းထက်ပို၍ ညစ်ညမ်းနေသည်။ လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိသတ္တဝါများအားလုံးကို ဘေးအန္တရာယ်ကြီးမားစွာ သက်ရောက်စေသည်။ လေထုညစ်ညမ်းမှုကြောင့် ပျမ်းမျှ လူ ၁၀ ဦးတွင် ကိုးဦးအသက်ရှူမဝဖြစ်ကြရပြီး နောက်ဆက်တွဲအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ စသည်တို့ခံစားရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လေထုညစ်ညမ်းမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စက်ရုံ၊ အလုပ်ရုံများနှင့် လူနေရပ်ကွက်များတွင် စွန့်ပစ်အမှိုက်များကို အလွယ်တကူမီးရှို့မှုကြောင့် လေထုညစ်ညမ်းကာ အနီးဝန်းကျင်တွင် နေထိုင်ကြသူများ အသက်ရှူမဝ ဖြစ်ကြရသည်။ ပုံမှန် ကျန်းမာသန်စွမ်းသူပင် ညစ်ညမ်းသောလေနှင့် မီးခိုးမြူငွေ့များကိုရှူမိလျှင် ချက်ချင်းခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ မျက်စိယားနာခြင်းတို့ကိုခံစားရသည်။ ၎င်းညှော်နံ့ဆိုးများကို အချိန်ကြာကြာ သို့မဟုတ် မကြာခဏ ရှူရှိုက်နေရပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် မျက်ခမ်းစပ်ရောဂါတို့ကို မလွဲမသွေ ခံစားရစေနိုင်သည်။

ထို့ပြင် ပန်းနာရင်ကျပ်ရောဂါရှိသူ၊ ကင်ဆာရောဂါရှိသူ၊ အဆစ်အမျက်ရောင်ရမ်းနာရှိသူများက ညစ်ညမ်းသောလေနှင့် မီးခိုးငွေ့များ၊ အထူးသဖြင့် ပလတ်စတစ်မီးရှို့ရာမှ ထွက်လာသော အဆိပ်ငွေ့တစ်မျိုးကြောင့် ရောဂါပိုမိုဆိုးရွားလာပြီး သတိလစ်မေ့မြောမှုများပင် ဖြစ်စေကာ အပြင်းထန်ဆုံး အခြေအနေ၌ အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပေါ်နိုင်သည်။ ကိုယ်ခံအားနည်းသော ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအတွက်လည်း မမျှော်မှန်းနိုင်သော ဆိုးကျိုးများစွာ ခံစားရစေသည်။

လေထုညစ်ညမ်းမှုကြောင့် အထက်ဖော်ပြပါ ကျန်းမာရေးပြဿနာအမျိုးမျိုးအပြင် ပညာရေး၊ စီးပွားရေး၊ ဇီဝမျိုးစုံမျိုးကွဲများ၊ အခြေခံအဆောက်အအုံများ၊ ရေအရင်းအမြစ်နှင့် ရာသီဥတုများ စသည်တို့အပေါ် ထိခိုက်ပျက်စီးစေသည်။

### တောမီးလောင်ခြင်းကြောင့် ကင်ဆာရောဂါဖြစ်စေနိုင်

ကမ္ဘာ့ရာသီဥတု အပြောင်းအလဲပြဿနာ မကြီးမားသေးဘဲ ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိန်းထားနိုင်ခဲ့သည့် ခေတ်ကာလများတွင် လူတို့မဆင်ခြင်မှု၊ ပေါ့ဆမှုတို့ကြောင့်သာ တောမီးတောက်လောင်ခဲ့သည်။ သို့သော် ယခုနောက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုအခြေအနေ ဆိုးရွားလာခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် သစ်တောများစွာတို့တွင် တောမီးလောင်မှုပမာဏ ပိုမိုများပြားလာလျက်ရှိသည်။ ကနေဒါနိုင်ငံ မက်ဂီးလ်တက္ကသိုလ် ပတ်ဝန်းကျင်ဇီဝဗေဒနှင့် ဆက်နွယ်သော ကျန်းမာရေးဌာနမှ တွဲဖက်ပါမောက္ခ စကော့ဝေချင်သာလ် ဦးဆောင်သည့်ဆေးသိပ္ပံပညာရှင်တစ်စုသည် တောမီးလောင်ခြင်းမှ ဖြစ်ပေါ်လာနိုင်သည့် လူ့ကျန်းမာရေး ထိခိုက်မှုအမျိုးမျိုးအကြောင်းကို မကြာသေးမီက စူးစမ်းလေ့လာခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

- ❐ **ကမ္ဘာ့လူသားအားလုံး၏ ၉၂ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသောလေကို ရှူခွင့်မရကြဟု ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(ယူအင်န်အီးပီ) က ဆိုသည်။ ညစ်ညမ်းသောလေကို ရှူရှိုက်နေကြရခြင်းကြောင့် အကြမ်းဖျင်းအားဖြင့် နှစ်စဉ်လူခုနစ်သန်းခန့် အချိန်မတိုင်မီ သေဆုံးနေကြရာ အသက်ငါးနှစ်အောက် ကလေးများသေဆုံးမှုက ပိုမိုများပြားကြောင်းနှင့် ၎င်းတို့အနက် ၃ ဒသမ ၈ သန်းသော သေဆုံးသူများမှာ မီးဖိုမှထွက်လာသော မီးခိုးငွေ့ကြောင့်ဖြစ်**
- ❐ **လေထုညစ်ညမ်းမှုကြောင့် ပျမ်းမျှ လူ ၁၀ ဦးတွင် ကိုးဦးအသက်ရှူမဝဖြစ်ကြရပြီး နောက်ဆက်တွဲအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ စသည်တို့ခံစားရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လေထုညစ်ညမ်းမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထား**

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

*စာမျက်နှာ ၁၆ မှ*

တောမီးလောင်သော သစ်တောရပ်ဝန်း ဒေသအနီး ပတ်ဝန်းကျင်၌ နေထိုင်သူများ၏ အထွေထွေကျန်းမာရေးအခြေအနေကို ၎င်းဆေးသိပ္ပံပညာရှင်များ လက်တွေ့စစ်တမ်းကောက်သုတေသနပြုခဲ့ခြင်းဖြစ်သည်။ ထိုသုတေသနပြုရာမှ ပေါ်ထွက်လာသောရလဒ်တွင် ယင်းပတ်ဝန်းကျင်၌ နေထိုင်သူအများစုသည် အဆိပ်ငွေ့များရှူမိရာမှ အဆုတ်ကင်ဆာနှင့် ဦးနှောက်အကြိတ်ရောဂါအထိ ရရှိနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

### ဂက်စ်မီးဖိုက သဘာဝရာသီဥတုနှင့် လူ့ကျန်းမာရေးကို ထိခိုက်နိုင်

ရှေးယခင်က အစားအစာချက်ပြုတ်ရန် ထင်းကိုလည်းကောင်း၊ မီးသွေးကိုလည်းကောင်း အသုံးပြုခဲ့ကြရာမှ နောက်ပိုင်းတွင် ရေနံအခြေပြု လောင်စာများနှင့် လျှပ်စစ်ကို အသုံးပြုလာခဲ့ကြသည်။ ယခုအခါ နေအိမ်တော်တော်များများ၌ မီသိန်းသဘာဝဓာတ်ငွေ့ကိုအခြေခံထားသော ဂက်စ်မီးဖိုကို အသုံးပြုနေကြသည်။ သဘာဝဓာတ်ငွေ့ကို မီးဖိုချောင်နှင့် မော်တော်ယာဉ်များတွင် အသုံးပြုခြင်းသည် ကာဗွန်အခြေပြုဓာတ်ငွေ့များ ထုတ်လုပ်ခြင်းထက် နှစ်ဆမျှပိုမို၍ ရာသီဥတုနှင့် လူ့ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ စတန်းဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက သတိပေးထားသည်။

### မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပြဿနာ

ကမ္ဘာ့နိုင်ငံများအနက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏအများဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်က ဘီလီယံပေါင်း ၁၀ ဒသမ ၁၇၅ $TCO_2e$ ထုတ်လွှတ်ခဲ့ပြီး ဒုတိယ အများဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် ဘီလီယံပေါင်း ၅ ဒသမ ၄၉၁ $TCO_2e$ ထုတ်လွှတ်ခဲ့သည်။ $TCO_2e$ ဆိုသည်မှာ Tonne Carbondioxide Equivalent ၏ အတိုကောက်ဖြစ်သည်။ မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases-GHGs) ၏ ထုတ်လွှတ်မှုပမာဏနှင့်ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို မက်ထရစ်တန်(tonne) ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

ဖော်ပြပါ ဖြစ်စဉ်များအတွင်း တန်ချိန်သန်းပေါင်းများစွာရှိသော ဓာတ်ငွေ့နှင့်အမှုန်များကို လေထုအတွင်းသို့ နှစ်စဉ် ထုတ်လွှတ်နေခြင်းသည် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်များကို ဖြစ်ပေါ်စေသည်။ ၎င်းနိုင်ငံတို့သည် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့်အလျောက် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ ယာဉ်များ၏ လောင်စာလောင်ကျွမ်းမှုနှင့် ရုပ်ကြွင်းလောင်စာများဖြင့် လည်ပတ်နေသော စက်ရုံ၊အလုပ်ရုံများမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့တို့ကြောင့်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

ယခင်နှစ်က ပြီးစီးသွားသည့် ဂလက်စဂို COP-26 အစည်းအဝေးသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ နီးပါးက ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သမိုင်းဝင်အစည်းအဝေးကြီးဖြစ်သည်။ အဆိုပါအစည်းအဝေး၏ ဆုံးဖြတ်ချက်တွင် လျှပ်စစ်စွမ်းအင် ထုတ်လွှတ်မှုအပိုင်း၌ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုအတွက် များစွာအရေးပါသော အရင်းအမြစ်ဖြစ်သည့် ကျောက်မီးသွေးအသုံးပြုမှု လျှော့ချရန် သဘောတူညီခဲ့ကြသည်။ သို့ရာတွင် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုကို သုညအဆင့် လျှော့ချရန် ကတိပြုကြရေး ရည်မှန်းချက်ကို မပြည့်မီခဲ့ပေ။

မည်သို့ပင်ဆိုစေကာမူ COP-26 အစည်းအဝေးမှ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် အရေးပါသော ဆုံးဖြတ်ချက်များ ချနိုင်ခဲ့ခြင်းအပေါ် ကြိုဆိုရမည်ဖြစ်သည်။ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ဆောင်ချက် ဖြစ်သကဲ့သို့ အများပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ပေးသည့် လုပ်ငန်းစဉ်လည်းဖြစ်သည် ရုပ်ကြွင်းလောင်စာ သုံးစွဲမှုလျှော့ချခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုကို တားဆီးနိုင်မည့်အပြင် လေထုညစ်ညမ်းမှုနှင့် လူသားများ၏ အသက်အန္တရာယ်ကိုလည်း ကယ်တင်နိုင်မည်ဖြစ်သည်။

### မီးခိုးမြူငွေ့အန္တရာယ် ပူးပေါင်းကာကွယ်

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ် မတ် ၅ ရက်တွင် သဘောတူလက်မှတ် ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရာ တောမီးလောင်ခြင်းနှင့် အခြားအကြောင်းကြောင်းသော မီးတို့ကြောင့် ထွက်ပေါ်လာသော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုပြဿနာများကို ထိန်းချုပ်လျှော့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် မြန်မာနိုင်ငံအတွင်းမီးလောင်မှုများလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် မြူကင်းစင်သော ကောင်းကင်မဟာဗျူဟာဆိုင်ရာ (Clear Sky Strategy) ပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်း အခမ်းအနားတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သွားရမည်ဖြစ်ရာ တောမီးလောင်မှု ထိန်းချုပ်ရေးနှင့် မီးငြိမ်းသတ်ရေးစနစ်၊ စောင့်ကြည့်ရေးစနစ်၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုစနစ်၊ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာဥပဒေများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အချုပ်ဆိုသော် လူသားတို့နေထိုင်ရာဒေသတွင် လူတို့၏စွန့်ပစ်အမှိုက်များသည် နေ့စဉ်ရှိနေဦးမည်ဖြစ်သည်။ ထို့အတွက်ကိုလည်း သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့က ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ စွန့်ပစ်အမှိုက်မီးရှို့ခြင်းမပြုရန် တာဝန်ရှိသူများက ပြောဆိုတားမြစ်ရုံမျှဖြင့် မပြီးပေ။ အိမ်ထောင်စုတိုင်းတွင် တစ်ဦးချင်းစီက အသိကိုယ်စီဖြင့် အပြုအမူများပြောင်းလဲပြီး အမှိုက်မီးရှို့ခြင်းကို ရှောင်ကြဉ်နိုင်မည်ဆိုပါက မိမိနှင့်ဝန်းကျင်တွင် လေထုသန့်စင်စေမည် ဖြစ်ပါကြောင်း၊ ထိုအခါ မိမိနှင့်တကွ ပတ်ဝန်းကျင်ရှိနေထိုင်သူများလည်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအပါအဝင် လေထုညစ်ညမ်းမှု ဆိုးကျိုးအမျိုးမျိုးမှ ကင်းဝေးစေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ကျွန်းစုမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မြိတ် ဇန်နဝါရီ ၆

**ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထက်ကျေးရွာရှိ အထက(ပထက်)ကျောင်း၌ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ကျင်းပသည်။**

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်သည်။ ထို့နောက် အထက (ပထက်)ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော် ပါဝင်နွှဲပျော်နေမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် သုတ/ရသစာအုပ်ပြပွဲ၊ စာပေအဆိုအမိန့်များ၊ လုပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ အခြေခံပညာကျောင်းများမှ ပြသထားသည့် အသိပညာပေးပြခန်းများ ကြည့်ရှုအားပေးသည်။

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များသည် အနာဂတ်နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းများဖြစ်ကြ၍ အရည်အချင်းရှိပြီး အသိပညာအတတ်ပညာ ပြည့်ဝကာ အနာဂတ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြမည့် လူငယ်မောင်မယ်များဖြစ်ကြသဖြင့် အသိပညာ ဗဟုသုတကြွယ်ဝစေရန် စာပေနှင့်ရင်းနှီးပြီး ဖတ်ရှုလေ့လာနိုင်စေရန်အတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ယနေ့အထိ အခြေခံပညာကျောင်း ၁၇ ကျောင်းတွင် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ **ခိုင်ထူး(ပြန်/ဆက်)**



# သာယာဝတီမြို့၌ ခရိုင်အဆင့် Grade– 11 နှင့် Grade– 12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်

**သာယာဝတီ ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပညာ Grade – 11 နှင့် Grade –12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က သာယာဝတီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေရေးရာ ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ဥပဒေပညာ သင်ကြားနိုင်ရေးနှင့် စပ်လျဉ်း၍ Grade–11 နှင့် Grade– 12 အဆင့် ကျောင်းသား ကျောင်းသူများနှင့် သင့်လျော်မည့် သင်ရိုးညွှန်းတမ်းကို ရေးသား ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများက ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း (Training of Trainer) ကို ဖွင့်လှစ်ဆောင်ရွက်ခြင်းများကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**၉၈ ဦး တက်ရောက်**

အဆိုပါ Grade– 11 နှင့် Grade– 12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြများအဖြစ် သာယာဝတီခရိုင်နှင့် မြို့နယ် ဥပဒေရုံးမှ ဥပဒေအရာရှိများက ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး သာယာဝတီခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၉၈ ဦး တက်ရောက် သင်ကြားလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# မိုင်းပျဉ်းမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**မိုင်းပျဉ်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်သည်။**(အပေါ်ပုံ)**

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးသူရမောင်က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များနှင့် မီးဘေးနှင့်ပတ်သက်၍ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဈေးသူ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ပြီးနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးဆိုင်ခန်းများအတွင်း မီးသုံးစွဲရောင်းချနေမှုများကို စစ်ဆေးဆောင်ရွက်သည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

# ကျေးသီးမြို့နယ်၌ လယ်ယာကေများစွာအကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

**ကျေးသီး ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။



ပန်လေ့ကျေးရွာတွင် အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး မြေသားသိပ်သည်းဆ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် မြေသားလမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်း အမျိုးအစားဖြစ်ပြီး ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၉၈၁ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် အောက်တိုဘာလ တတိယအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ညညည



နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ ဝါကြိတ်စက်ဝါသိုလှောင်ခြင်းနှင့် သစ်ခွဲစက်များ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းများကို ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်း စစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်း သိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက် ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သတင်းရရှိမှု ၅၄ ကြိမ် ရရှိခဲ့ပြီး၊ သတင်းမှား ၁၇ ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၃၆ ကြိမ် ဖြစ်သည်။







၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိမှု

သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၆၅ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန် ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၄၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀ ဒသမ ၃၉၁ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် စက်လှေနှင့် လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၁၀၂၀ ဒသမ ၃၉၁ သန်း၏ ၂၀ ရာခိုင်နှုန်း ဖြစ်သော ငွေကျပ် ၂၀၄ ဒသမ ၀၇၈ သန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉၄၀၄၃၃၉၉၆၉၉၊ အော်တို တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိမှု



## မိတ္ထီလာမြို့မဈေးကြီးအတွင်း မီးဘေးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**မိတ္ထီလာ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့ သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးရုံများအား မီးငြိမ်းသတ်ရေးယာဉ်များမှမီးသတ်ပိုက်များအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဗူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးကျော်ဆန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများက စုပေါင်း ဆောင်ရွက်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ ဈေးအရာရှိနှင့် ဈေးအကျိုးဆောင်ကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့မဈေးကြီး၊ ဗဟိုဈေးနှင့် ပိတောက်မြိုင်ဈေးတို့အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထား မှု ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



## မုံရွာမြို့ပေါ်ရှိ ဈေးကြီးများ မီးဘေးအန္တရာယ်မဖြစ်စေရေး ဆောင်ရွက်

**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇင်မိုအောင်ဦးဆောင်သောအဖွဲ့သည် မြို့ပေါ် ရပ်ကွက်များရှိ ချင်းတွင်းဈေး၊ မြသလ္လာဈေး၊သီရိရတနာဈေး၊ ပြည်ထောင်စုဈေးတို့သို့ ယနေ့နံနက်ပိုင်းက ဈေးကြီးများအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေကန်များ၊ ရေစုပ်စက်များ၊ ရေငုတ်များကောင်းမွန်မှု ရှိမရှိတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ဈေးတာဝန်ခံများနှင့် ဈေးသူဈေးသားများအား မီးဘေးလုံခြုံရေးအတွက် လိုအပ်သည်များ အသိပေးဆွေးနွေးကာ မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဇန်နဝါရီ ၈ ရက် နံနက် ၂ နာရီခွဲမှာ ကာရာဘောင်ဖလား ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် အာဆင်နယ် နဲ့ နယူးကာဆယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင် ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမ အကျော့မှာ ဘယ်အသင်းက ရလဒ်ကောင်းရရှိသွား မလဲ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။


မာတင်နယ်လီ
အာဆင်နယ် (တောင်ပံတိုက်စစ်)
လိဂ် ၁၈ ပွဲကစား၊ ၅ ဂိုးသွင်း

## အာဆင်နယ်အသင်း အခြေအနေ

အာဆင်နယ်အသင်းက နိုဝင်ဘာ ၇ ရက် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အင်တာမီလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်းမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးဘူး။ ဂျေဇူး၊ မာရီနို၊ မာတင်နယ်လီ၊ ဟာဗက်ဇ်တို့ ခြေစွမ်းပြသထားနိုင်တာကြောင့် ရလဒ်ကောင်း ရရှိနေတယ်။ တိုက်စစ်၊ ကွင်းလယ်၊ ခံစစ် ချိတ်ဆက်ကစားမှုပိုင်း ဟန်ချက်ညီတယ်။ ဒါပေမယ့် အာဆင်နယ်က ဒီပွဲစဉ်ပြီးရင် အက်ဖ်အေဖလားပြိုင်ပွဲမှာ မန်ယူအသင်းနဲ့ ဆက်လက်ယှဉ်ပြိုင်ကစားသွားရဖို့ ရှိတယ်။ မည်သို့ပင်ဆိုစေ ဆီမီးဖိုင်နယ် ပထမအကျော့မှာ ရလဒ်ကောင်းရရှိဖို့အတွက် ဒဏ်ရာရကစားသမားတွေကို ချန်လှပ်ကာ အားထားရတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာမှာ သေချာတယ်။ အာဆင်နယ်အသင်းမှာ အဓိကထားစောင့်ကြည့်ရမယ့် ကစားသမားအဖြစ် တိုက်စစ်က မာတင်နယ်လီရှိပြီး ၁၈ ပွဲမှာ ငါးဂိုးသွင်းပြီး နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားတယ်။

# ကာရာဘောင်ဖလား ဆီမီးဖိုင်နယ် ပထမအကျော့မှာ ရလဒ်ကောင်းရရှိမယ့်အသင်းက အာဆင်နယ်လား၊ ကာဆယ်လား..

■ မိုးဇက် - စုစည်းသည်

## နယူးကာဆယ်အသင်း အခြေအနေ

နယူးကာဆယ်က အက်စ်တွန်ဗီလာ၊ မန်ယူ၊ စပါးအပါအဝင် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ခြောက်ပွဲမှာ ခြောက်ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားတယ်။ အဲဒီခြောက်ပွဲမှာ လေးပွဲအထိ ပေးဂိုး မရှိအောင်လည်း စွမ်းဆောင်ထားတယ်။

နယူးကာဆယ်အသင်းမှာ တိုက်စစ်ကစားသမား အီဆတ် ခြေစွမ်းပြနေပြီး လိဂ် ၁၈ ပွဲမှာ ၁၃ ဂိုးသွင်းယူထားနိုင်တဲ့အပြင် ဂိုးရရှိအောင်လည်း လေးကြိမ် ဖန်တီးထားနိုင်တယ်။ ဒါ့အပြင် နယူးကာဆယ်အသင်းမှ ဂိုးဖန်တီးမှု အားကောင်းတဲ့ မာဖီ၊ ဂူမာရက်စ်၊ ဂေါ်ဒွန်တို့လည်း ရှိတယ်။

နယူးကာဆယ်က ကျစ်ကျစ်လျစ်လျစ်နဲ့ နေရာစုံ ရွေ့လျားကစားနိုင်တဲ့ ထိပ်တန်းအဆင့် ကစားသမားတွေ အများအပြားရှိတဲ့အပြင် ကိုယ်ပိုင်ကစားဟန်တစ်ခုနဲ့ သာမန်ထက်ထူးခြားတဲ့ စွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားတယ်။ မည်သို့ပင်ဆိုစေ ခြေစွမ်းထက်မြက်ပြီး ခံစစ်တည်ငြိမ်တဲ့အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ခြေစွမ်းသာလွန်တဲ့အသင်းထက် အဆုံးသေချာတဲ့အသင်း ရလဒ်ကောင်း ရရှိမယ်။


အီဆတ်
နယူးကာဆယ် (တိုက်စစ်)
လိဂ် ၁၈ ပွဲကစား၊ ၁၃ ဂိုးသွင်း

| ကာရာဘောင်ဖလားဆီမီးဖိုင်နယ် (ပကျော့) | | | |
|---|---|---|---|
| ဗုဒ္ဓဟူးနေ့ | | | ၈-၁-၂၀၂၅ |
| အာဆင်နယ် | vs | နယူးကာဆယ် | နံနက် ၂:၃၀ |

| အာဆင်နယ်နဲ့ ကာဆယ်အသင်းတို့ရဲ့ နောက်ဆုံး လေးပွဲရလဒ် | | | |
|---|---|---|---|
| နယူးကာဆယ် | ၁ - ၀ | အာဆင်နယ် | ပရီမီယာလိဂ် |
| အာဆင်နယ် | ၄ - ၁ | နယူးကာဆယ် | ပရီမီယာလိဂ် |
| နယူးကာဆယ် | ၁ - ၀ | အာဆင်နယ် | ပရီမီယာလိဂ် |
| နယူးကာဆယ် | ၀ - ၂ | အာဆင်နယ် | ပရီမီယာလိဂ် |



## အစ်ဆွစ်အသင်းက အတ္တလန္တာခံစစ်ကစားသမား ဂေါ့ဖရေးကို ရာသီဝက်အငှားခေါ်ယူ

ပရီမီယာလိဂ်ကလပ် အစ်ဆွစ်အသင်းသည် အတ္တလန္တာအသင်းမှ ခံစစ်ကစားသမား ဘင်ဂေါ့ဖရေးကို အငှားစာချုပ်ဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပရီမီယာလိဂ်ကလပ်သို့ ရာသီကုန်အထိ အငှားပြောင်းရွှေ့လာသော အင်္ဂလန်ကစားသမားသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပထမဆုံးခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။

အသက် ၂၆ နှစ်အရွယ် အဆိုပါ ကစားသမားသည် ပြီးခဲ့သည့် နွေရာသီတွင် ပေါင် ၁၀ သန်း ဝန်းကျင်ဖြင့် အဲဗာတန်အသင်းမှ အတ္တလန္တာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ၂၂ မိနစ်သာ ကစားထားရသေးကြောင်း သိရသည်။

အဲဗာတန်အသင်းအတွက် ၉၃ ပွဲပါဝင်ကစားထားသော ဂေါ့ဖရေးသည် ဇန်နဝါရီ ၅ ရက်က အစ်ဆွစ်နှင့် ဖူလ်ဟမ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သော ပွဲစဉ်ကို လာရောက်ကြည့်ရှုခဲ့သည်။

အစ်ဆွစ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၂၀) အပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် တန်းဆင်းဇုန်တွင်း ကျရောက်နေသည်။ အစ်ဆွစ်အသင်းသည် လာမည့်ပွဲစဉ် အက်ဖ်အေဖလားပြိုင်ပွဲတွင် ဘရစ္စတိုးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## သြစတြေးလျအိုးပင်း လက်ရည်စစ်ပွဲ ဗြိတိန်တင်းနစ်မယ် ဟာရီဒတ်သ်နှင့် ဝက်ဆန်တို့ အနိုင်ရ

ဗြိတိန်တင်းနစ်မယ် ဟာရီဒတ်သ်သည် သြစတြေးလျအိုးပင်း လက်ရည်စစ်ပွဲတွင် သြစတြေးလျတင်းနစ်မယ် ကာဘာရီရာကို ၆-၂၊ ၇-၆ (၇-၅)ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဗြိတိန်မှ အခြားတင်းနစ်မယ်တစ်ဦးဖြစ်သည့် ဟယ်သာဝက်ဆန်လည်း ဆားဘီးယားတင်းနစ်မယ် လိုလာကို အကြိတ်အနယ်ကစားပြီး ၇-၅၊ ၆-၇ (၁၄-၁၆)၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဟာရီဒတ်သ်သည် သြစတြေးလျအိုးပင်း လက်ရည်စစ်ပွဲ နောက်တစ်ဆင့်တွင် သြစတြေးလျတင်းနစ်မယ် တေလာပရက်စတန်နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ဟယ်သာဝက်ဆန်က အမေရိကန်တင်းနစ်မယ် ဗာဗရာလက်ချန်ကိုနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

မကြာမီကျင်းပတော့မည့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲသို့ ဗြိတိန်နာမည်ကြီး ဘော်လ်တာ၊ ရာဒူကာနူ၊ ကာတယ်၊ ဘားရေ့သ်၊ နော်ရီနှင့် ဂျာကော့တို့လည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။


ဗြိတိန် တင်းနစ်မယ် ဟာရီဒတ်သ်

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဘုန်းမောက်အသင်းသည် ကနဦး ပြောင်းရွှေ့ကြေး ပေါင် ၆ ဒသမ ၆ သန်းဖြင့် အာဂျင်တီးနားကလပ် လာနပ်စ်မှ ခံစစ်ကစားသမား ဂျူလီယို ဆိုလာကို ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။
- အေစီမီလန်အသင်းသည် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား မားကပ်စ်ရက်ဖို့ဒ် (၂၇နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘရာဇီးတိုက်စစ်ကစားသမား မက်သီးယပ်စ် ကွန်ဟာ (၂၅နှစ်) သည် ဝုဖ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးကပ်လာပြီ ဖြစ်သည်။
- စီးရီးအေပွဲစဉ် (၁၉) မှ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရိုးမားနှင့် လာဇီယိုအသင်းပွဲစဉ်တွင် ရိုးမားအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

# သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၌ သြဝါဒခံယူပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၆**

သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ (၃၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် သြဝါဒခံယူပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါစာသင်တိုက်ရှိ အဂ္ဂမဟာ ရွှေမေတ္တာလေးထပ်ဆွမ်းစားကျောင်း၌ ကျင်းပသည်။

ဦးစွာ အပူဇော်ခံဆရာတော်များအား ဓမ္မာသနပလ္လင်သို့ ကြွရောက်ပါရန် နိမန္တနဂါထာတော်ဖြင့် ကျိုက်ဒေးယုံ ဆရာတော်က ပင့်လျှောက်သည်။ ထို့နောက် အခမ်းအနားကို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အာစရိယပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ကရင်ဆိပ် အောင်မင်္ဂလာကျောင်းဆရာတော်ကလည်းကောင်း၊ အပူဇော်ခံဆရာတော်များအား ဂုဏထောမနာဝန္ဒာ ဂါထာတော်ဖြင့် ရွှေသန်လျင် ဆရာတော်တို့ကလည်းကောင်း ဖတ်ကြားပူဇော်ကြသည်။ ထို့နောက် အပူဇော်ခံဆရာတော်များအား တပည့်သံဃာတော်များက ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးက သြဝါဒချီးမြှင့်တော်မူသည်။ ထို့နောက် အနုပညာရှင်များက ရတုပိုဒ်စုံ၊ တေးထပ်တို့ဖြင့်ပူဇော်ကြပြီး ဆရာတော်ကြီးအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**သန်းဝင်း(သန်လျင်)**




# လေးမျက်နှာမြို့နယ်၌ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**လေးမျက်နှာ ဇန်နဝါရီ ၆**

လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာနမှ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မီးသတ်စခန်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းမင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲနောင်(လေးမျက်နှာ)**



တစ်အိမ်လုံးတွင်
မည်သူမျှ
မရှိနေချိန်၌
မလိုအပ်သော
လျှပ်စစ်အသုံးပြုမှု
အားလုံးကို
ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာသုံးစွဲပါ

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၂-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) ကညန၊ ပြည်နယ်ရုံး (စစ်တွေ)၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 80W/78334 အစား 80W/8334 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၀)၊ လူနေရပ်ကွက်အမှတ် (တက္ကသိုလ်ရိပ်မွန်အိမ်ရာ)၊ မဥ္ဇူလမ်း၊ ခြံအမှတ် (F-4)၊ မြေကွက်အမှတ် (၄၈)၊ အကျယ်အဝန်း (၈၀ပေ × ၈၀ပေ) (၀.၁၄၇)ဧကရှိ ဦးဝင်းဗိုလ် (၁၂/ဥကတ (နိုင်) ၀၁၆၅၉၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဝင်းဗိုလ် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းသန်းဝင်း (၁၂/တမန (နိုင်) ၀၈၇၅၅၅)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

# မိုင်းဆတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒသမအကြိမ်မြောက် ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက် ထုတ်ချေးပေးခြင်းအခမ်းအနားကို မယ်နင်ကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ ထုတ်ပေးရာတွင် မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းစိုးဌေးက လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာများရှိ ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသားအသင်းသူ ၆၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၄ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



# မြင်းခြံဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၃၃ ဦး လွတ်ငြိမ်းခွင့်ရရှိ

**မြင်းခြံ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အကျဉ်းဦးစီးဌာန မြင်းခြံဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား ၂၀ နှင့် အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၃၃ ဦးကို ဇန်နဝါရီ ၄ ရက်က လွတ်ငြိမ်းခွင့် ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ထွန်းမြက သြဝါဒစကားများ ပြောကြားသည်။ ထို့နောက် မြင်းခြံ ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချိုက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁(၁) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ထောင်လွတ်လက်မှတ်၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးကြောင်း လက်မှတ်နှင့် အသိပညာပေး လက်ကမ်းစာစောင်များ၊ လွတ်လူစားစရိတ်နှင့် ခရီးစရိတ်များ ပေးအပ်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**



## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါ တို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက် ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ ၇ ရက်)**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ် စာအုပ်များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (၂၀၂၅ ခုနှစ် ဧပြီလမှ ၂၀၂၆ခုနှစ် မတ်လ အထိ) အတွက် ၂၀၂၅ခုနှစ် ဧပြီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့် အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်)သို့လည်းကောင်း ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေး မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီ လက်မှတ်စာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ် လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချ မည်ဖြစ်ကြောင်း ကတိခံဝန်ချက်စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင် တင်ပြလျှောက်ထားရ မည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ လစဉ် ကျပ် ၁၀၀၀ တန်ထီလက်မှတ် စာအုပ် ဝယ်ယူရောင်းချခဲ့မှုအပေါ် မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်း ထောက်ခံစာမူရင်း(သို့မဟုတ်) ထီဆိုင်လုပ်ငန်း အတွက် အခွန်ကိစ္စလုံလောက်သောအစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၄-၁-၂၀၂၅) ရက်နေ့မှ (၂၈-၁-၂၀၂၅) ရက်နေ့အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ် တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင် ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ်အရေအတွက် အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက် မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိစာချုပ် ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ သဘောတူညီချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရုပ်သိမ်းခြင်း၊ အာမခံငွေ(Deposit)များ နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ(Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၄-၃-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီစာအုပ် ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။


### အမည်ပြောင်း
ဦးညာဏ်ထွန်း ၉/မခန(နိုင်) ၁၆၃၅၁၉ ၏သမီး မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်အိမ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 အတန်းမှ မစနိုးကြည်ဖြူအား မထူးမြတ်သဒ္ဒါ ၈/ပခက (နိုင်)၃၇၇ ၇၇၄ ဟုပြောင်းလဲခေါ်ဆိုပါရန်။
မထူးမြတ်သဒ္ဒါ

### အမည်ပြောင်း
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးညာဏ်မင်းထက် ၉/ဇဗသ(နိုင်) ဝဝ၃၁၄၇ ၏သား အထက(၈) Grade-2(B)မှ မောင်တင်ထူးနောင်အား မောင်မြတ်ပိုင်ဟိန်းသန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မြတ်ပိုင်ဟိန်းသန့်

### ၂၀၄ပေ×၆၀ပေ RC ၃ ထပ်တိုက်ရောင်းမည်
ထောင့်ကွက်၊ မင်းဂေါင် ၁ လမ်း။ (မြပဟ္မစိုရ်လမ်းကျော ကပ်)၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဂရံအမည်ပေါက်၊ 3MB ၊ GYM ခန်း။ ပန်းခြံ၊ ဘုရားခန်း။ Level 2 EV အားသွင်းစက်။ ပါဝါ+ ရိုးရိုးမီတာ။ အဝီစိ+ ဂျိုးဖြူရေ၊ တိုက်သက်တမ်း ၅ နှစ်။ ကား ၄ စီးရပ်နိုင်။
09 43021001 ၁၂၅၀၀သိန်း(ညှိနှိုင်း)


### အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် -၇၀**

| | | |
|---|---|---|
| ၁။ ဒေါ်သီတာ(ခ)ဒေါ်သီတာဝင်း<br>၂။ ဒေါ်မိုးခိုင်(ခ)ဒေါ်တင်မိုးခိုင်<br>(ကိုယ်တိုင်နှင့် ၁၊ ၃ အယူခံတရားလို၏ အထွေထွေကိုယ်စားလှယ်စာရသူ)<br>၃။ ကိုဇော်မင်းအောင် | နှင့် | ၁။ ဒေါ်ခင်စန်းရီ(ကွယ်လွန်သူ ဦးတင်ထွန်း(ခ)ဦးမင်းမင်းထွန်း ၏ တရားဝင်ကိုယ်စားလှယ်)<br>၂။ ကိုပြည့်ဖြိုးအောင် |
| **(အယူခံတရားလိုများ)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အင်းစိန်ခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၉၀/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၅/၇/က/၂၅ နေ အယူခံတရားပြိုင်အမှတ် (၁) ဒေါ်ခင်စန်းရီ (ကွယ်လွန်သူ ဦးတင်ထွန်း (ခ) ဦးမင်းမင်းထွန်း၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိသူ ) သိစေရမည်။

ယခုအမှုတွင် အင်းစိန်ခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံ တရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှု ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ( ၂၂ )ရက်(၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ( ၉ )ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြု ထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင်ဒီကရီကို တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးသင်းအောင် )
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

### ကန့်ကွက်နိုင်ပါကြောင်း
မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)ရန်ကုန်မြို့ရှိ စာရင်းအမှတ်-CA-24420 ဦးမြင့်အောင်-ဒေါ်အေးမြင့် အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေကွက်အမှတ်-၁၇/၃၄ သကမ/၁၇၅၀(ခ)၏ ဝန်ထမ်းအိမ်ရာ ချေးငွေများအား ပြေကြေစွာပေးဆပ်၍ မြေချပါမစ်(မူရင်း) စာရွက်စာတမ်းများအား အင်းစိန်ခရိုင် တရားရုံးတော်၏ မွေတ်ဟာဒီကရီအမိန့်ရရှိသူ ဒေါ်ငြိမ်းရင် PGU-118108 မှ မြေငှား စာချုပ် ထုတ်ယူခွင့်ပြုပါရန် တင်ပြတောင်းခံလာခြင်းအား ကန့်ကွက်လိုသူများ အနေဖြင့် မြန်မာစီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)ဝန်ထမ်းအိမ်ရာ ချေးငွေဌာနစိတ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ် (မူရင်း)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

### ကန့်ကွက်နိုင်ပါကြောင်း
မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁၀(က) ကန်ကြီး ကွင်း၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ(၀ဒသမ၀၇၀)ကေအား မြေငှားဂရန်အမှုတွဲ အမှတ် ၆၁/၁၉၉၆-၁၉၉၇အရ ဦးတင်မောင်ဖေ၊ ဒေါ်သိန်းကြည်အမည်ဖြင့် ရရှိခဲ့ ပြီး မူလဂရန်အမည်ပေါက်သူတို့ ကွယ်လွန်ခဲ့သဖြင့် အမွေဆက်ခံခွင့်ရှိကြောင်း ပိုင်ဆိုင်ကြောင်းမွေက်ဟကြေညာလွှာစာချုပ်အမှတ်(၁၁၁/၂၀၂၄)ဖြင့် ဦးစိုးအောင်ပါ (၇)ဦးတို့မှ မွေက်ဟကြေညာ ခဲ့ပါသည်။အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း/ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးစိုးအောင် ၆/မအရ(နိုင်)၀၃၈၀၂၅၊ ဒေါ်အုံးသန်း(ခ)အုံးသန်း ၆/မအရ(နိုင်)၀၃၉၇၈၁၊ ဒေါ်လှိုင် ၆/မအရ(နိုင်)၀၃၈၇ ၃၁၊ ဒေါ်ထွန်းထွန်းရီ ၆/မအရ(နိုင်) ၀၃၇၉၆၄၊ ဒေါ်အုံးမြကြည်(ခ)အုန်းမြကြည် ၆/မအရ(နိုင်)၀၀၁၂၅၈၊ ဦးသောင်းစိန် ၆/မအရ(နိုင်) ၀၉၂၃၁၀၊ ဒေါ်ဟေမာစန္ဒာဝင်း ၆/မမန(နိုင်)၁၃၄၄၀၈ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူ များရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 76W/34911, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၄/ဟသတ (နိုင်)၃၉၆၂၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

### ကန့်ကွက်နိုင်ပါကြောင်း
မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၃၅)၊ မြေဧရိယာ(၀ဒသမ၀၃၄)ကေအား မြေငှားဂရန်အမှုတွဲ အမှတ် ၂၁၁/၂၀၂၃-၂၀၂၄အရ ဦးအုန်းကျော်အမည်ဖြင့် ရရှိခဲ့ပြီး (၈-၆-၂၀၂၂) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအုန်းကျော် ၆/မအရ(နိုင်)၀၀၀၂၈၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါကမြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

### ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း
တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "အောင်စိုးမင်း" အမည်ရှိ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် ငါးသယ်ရေယာဉ်(ရေယာဉ် မှတ်ပုံတင်အမှတ်၊(MD/0101/20)ရေယာဉ်၏ တန်ချိန် ၂၃.၀၀အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးတင်နိုင်ဦး ၆/ကသန(နိုင်) ၀၄၂၇၆၂ အမည်မှ ဦးထွန်းထွန်းဝင်း ၁၀/ပမန(နိုင်) ၀၀၀၁၇၁အ မည်သို့ ပြောင်းလဲ ပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ရက် ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါ သည်။ ၎င်းရက်ထက် ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထား သူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1P/9048 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

## ကျောက်ဆည်တက္ကသိုလ်
## (အဝေးသင် သင်တန်း)
## တတိယအကြိမ် ဘွဲ့နှင်းသဘင်
## လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းအစီအစဉ်

၂၀၂၄ ပညာသင်နှစ်တွင် ကျောက်ဆည်တက္ကသိုလ်(အဝေးသင် သင်တန်း)မှ ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင်ကို ကျောက်ဆည်တက္ကသိုလ် ကေရာဇ်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

သို့ဖြစ်ပါ၍ ဘွဲ့နှင်းသဘင် လျှောက်လွှာများကို (၆-၁-၂၀၂၅) ရက်နေ့မှ (၂၄-၁-၂၀၂၅) ရက်နေ့အထိ နောက်ဆုံးထားလက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**( ၈-၂-၂၀၂၅ ) စနေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၁)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၁ မှ ၁၀၈ ထိ |
| | ပထဝီဝင် | ၄-ပ-၁ မှ ၁၃၃ ထိ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | ၄-ဓ-၁ မှ ၈၆ ထိ |

**( ၈-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၂)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၁၁၀ မှ ၁၉၉ ထိ |
| | ပထဝီဝင် | ၄-ပ-၁၃၄ မှ ၂၅၆ ထိ |
| သိပ္ပံဘွဲ့ | ရူပဗေဒ | ၄-ရပ-၁ မှ ၁၂၆ ထိ |

*** အစမ်းလေ့ကျင့်ရက် (၇-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၁+၂)**

**( ၉-၂-၂၀၂၅ ) တနင်္ဂနွေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၃)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၂၀၁ မှ ၃၁၇ ထိ |
| | ပထဝီဝင် | ၄-ပ-၂၅၇ မှ ၃၉၄ ထိ |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ | ၄-ရခ-၁ မှ ၆၇ ထိ |

**( ၉-၂-၂၀၂၅ ) တနင်္ဂနွေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၄)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၃၁၈ မှ ၄၂၆ ထိ |
| | ပထဝီဝင် | ၄-ပ-၃၉၅ မှ ၅၃၁ ထိ |
| သိပ္ပံဘွဲ့ | သတ္တဗေဒ | ၄-သတ-၁ မှ ၇၁ ထိ |

*** အစမ်းလေ့ကျင့်ရက် (၇-၂-၂၀၂၅)ရက်နေ့၊ မွန်းလွဲ ( ၁:၃၀ ) နာရီ၊ အပိုင်း (၃+၄)**

**( ၁၅-၂-၂၀၂၅ ) စနေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၅)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၄၂၇ မှ ၅၂၅ ထိ |
| | ပထဝီဝင် | ၄-ပ-၅၃၂ မှ ၅၉၈ ထိ |
| သိပ္ပံဘွဲ့ | သင်္ချာ | ၄-သခ-၁ မှ ၁၆၀ ထိ |

**( ၁၅-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၆)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၅၂၆ မှ ၆၃၁ ထိ |
| | ပထဝီဝင် | ၄-ပ-၅၉၉ မှ ၇၇၈ ထိ |
| | အရှေ့တိုင်းပညာ | ၄-အရ-၁ မှ ၆၃ ထိ |

*** အစမ်းလေ့ကျင့်ရက် (၁၄-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၅+၆)**

**( ၁၆-၂-၂၀၂၅ ) တနင်္ဂနွေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၇)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | ၄-မ-၆၃၂ မှ ၇၄၂ ထိ |
| | ပထဝီဝင် | ၄-ပ-၇၇၉ မှ ၉၁၀ ထိ |
| | စိတ်ပညာ | ၄-စ-၁ မှ ၉၉ ထိ |

**( ၁၆-၂-၂၀၂၅ ) တနင်္ဂနွေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၈)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄-အ-၁ မှ ၁၀၄ ထိ |
| | ပထဝီဝင် | ၄-ပ-၉၁၁ မှ ၁၀၆၇ ထိ |
| | သမိုင်း | ၄-သ-၁ မှ ၇၃ ထိ |

*** အစမ်းလေ့ကျင့်ရက် (၁၄-၂-၂၀၂၅)ရက်နေ့၊ မွန်းလွဲ ( ၁:၃၀ ) နာရီ၊ အပိုင်း (၇+၈)**

**( ၂၂-၂-၂၀၂၅ ) စနေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၉)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄-အ-၁၀၅ မှ ၁၇၅ ထိ |
| | ပထဝီဝင် | ၄-ပ-၁၀၆၈ မှ ၁၂၃၀ ထိ |
| | သမိုင်း | ၄-သ-၇၄ မှ ၂၀၀ ထိ |

**( ၂၂-၂-၂၀၂၅ ) စနေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၁၀)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄-အ-၁၇၆ မှ ၂၆၆ ထိ |
| | သမိုင်း | ၄-သ-၂၀၁ မှ ၃၄၇ ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၁ မှ ၈၆ ထိ |

*** အစမ်းလေ့ကျင့်ရက် (၂၁-၂-၂၀၂၅)ရက်နေ့၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း(၉+၁၀)**

**( ၂၃-၂-၂၀၂၅ ) တနင်္ဂနွေနေ့ ၊ နံနက် ( ၉:၀၀ ) နာရီ၊ အပိုင်း (၁၁)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄-အ-၂၆၇ မှ ၃၅၉ ထိ |
| | သမိုင်း | ၄-သ-၃၄၈ မှ ၄၉၅ ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၈၇ မှ ၁၆၈ ထိ |

**( ၂၃-၂-၂၀၂၅ ) တနင်္ဂနွေနေ့ ၊ မွန်းလွဲ ( ၁:၃၀) နာရီ၊ အပိုင်း (၁၂)**

| ဘွဲ့ | အထူးပြုဘာသာ | |
|---|---|---|
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၄-အ-၃၆၀ မှ ၄၆၆ ထိ |
| | သမိုင်း | ၄-သ-၄၉၆ မှ ၆၄၄ ထိ |
| | ဒဿနိကဗေဒ | ၄-ဒ-၁၆၉ မှ ၂၇၂ ထိ |

*** အစမ်းလေ့ကျင့်ရက် (၂၁-၂-၂၀၂၅)ရက်နေ့၊ မွန်းလွဲ ( ၁:၃၀ ) နာရီ၊ အပိုင်း (၁၁+၁၂)**

၁။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်-

**ဘွဲ့နှင်းသဘင်အစီအစဉ်ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများထုတ်ပေးမည့် ရက်**

| | |
|---|---|
| အပိုင်း(၁+၂+၃+၄) | (၄-၂-၂၀၂၅) (၅-၂-၂၀၂၅) |
| အပိုင်း(၅+၆+၇+၈) | (၁၁-၂-၂၀၂၅) (၁၂-၂-၂၀၂၅) |
| အပိုင်း(၉+၁၀+၁၁+၁၂) | (၁၈-၂-၂၀၂၅) (၁၉-၂-၂၀၂၅) |

၂။ ဘွဲ့နှင်းသဘင်နှင့် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ (အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။

၃။ ၂၀၁၉ ပညာသင်နှစ်နှင့် နောက်ပိုင်းပညာသင်နှစ်များတွင် တက်ရောက်ဘွဲ့(သို့) အဝေးရောက်ဘွဲ့ လျှောက်ထားခြင်း မပြုရသေးသူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်ကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်သည်။

၅။ အခြားအချက်အလက်များ သိရှိလိုပါက ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနသို့ (ဖုန်း-09427992364) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။ တက်ရောက်ခွင့် လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲအခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

**သီတာအောင်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ကျောက်ဆည်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဠ၊ မြေကွက်အမှတ် ၁၀/င၊ (ဠ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ် ၁၀/ဂ၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးမောင်မောင် ၁၂/ဥကမ(နိုင်)၁၁၆၇၅၈ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင် (၁၂/ဥကမ(နိုင်)၁၁၆၇၅၈) ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးမီး (၁၃/လရန(နိုင်)၁၈၈၂၁၀) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ ဂရန်မူရင်းနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်အေးမီး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)**
**အမှတ်(၄)၊ မြေညီ၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ ကျွဲနွားထောက်ရွာ၊ စကားဝါလမ်းသွယ်(၁)၊ (၆၀x၆၀)ပေ ကျယ်ဝန်းသော မြေကွက်နှင့်ပတ်သက်သည့် ဒေါ်အေးအေးမွန်မှ ဒေါ်နှင်းနုနုနိုင်ထံသို့ လွှဲပြောင်းပေးအပ်သည့် အလွှဲအပြောင်းစာချုပ်မူရင်း(၁)စောင်နှင့် ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အင်သာကျေးရွာ၊ ကွင်းအမှတ်(၆၅၄)၊ ကွင်းအမည် သုံးတောင်ကွင်း၊ ရွာမြေဧရိယာ(၀ဒသမ၅၅)ဧကေ အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ ခွဲစိတ် ထားသော အရှေ့လားသော်-အကွက်အမှတ်(B-1)၊ အနောက်လားသော်-အကွက်အမှတ်(B-9)၊ တောင်လားသော်-အကွက်အမှတ်(B-7)၊ မြောက်လားသော်-လမ်းစသည့်လားရာလေးရပ်အတွင်းရှိ မြေကွက်အမှတ်(B-8)အဖြစ်သတ်မှတ်ထားသည့် မြေအကျယ်(၄၃x၆၆x၄၀x၇၅)ပေ ရှိမြေကွက်အား ဦးမျိုးခိုင် ၈/ပ မန(နိုင်) ၁၂၂၈၄၇ထံမှ ဦးသန်းထွဋ် ၉/ပဥလ(နိုင်) ၀၁၁၁၂၇ က ဝယ်ယူထားသည့် နှစ်ဦးသဘောတူ မြေအရောင်းအဝယ် ကတိစာချုပ်မူရင်း(၁)စောင်နှင့် နှစ်ဦးသ ဘောတူမြေလွှဲပြောင်းခြင်းကတိစာချုပ်မူရင်း(၁)စောင်၊ ဒေါ်သန်းသန်းဆင့်၏ အိမ်ထောင်စုဇယားမူရင်း(၁)စောင်နှင့် ဦးမျိုးစည်သူကျော်၏ အိမ်ထောင်စုဇယားမူရင်း(၁)စောင်တို့မှာ ကျွန်မ၏ နေအိမ်တွင် ထိန်းသိမ်းထားရှိရာမှ ခိုးယူခံရပြီး ပျောက်ဆုံးသွားပါသဖြင့် အထက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်ပတ်သက်ပြီး ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ကျွန်မ၏ တာဝန်လုံးဝ(လုံးဝ) မဟုတ်ပါကြောင်းနှင့် စာရွက်စာတမ်းများပြန်လည်ရရှိရေးကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
